# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ အင်္ဂါနေ့ အတွဲ [၅၄]၊ အမှတ် [၃၃၈]


**အေးစေ မြစေ မေတ္တာရေ**

- နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရန့်၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှုံ့မမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

(စံကင်းဆရာတော်ဘုရားကြီး)



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ ကြည့်ရှုလေ့လာ

သတင်း၊ စာမျက်နှာ-၃


**ယနေ့ ဖတ်စရာ**

ရေရှည်တည်တံ့နိုင်သည့် ဖွံ့ဖြိုးရေးရည်မှန်းချက် အောင်မြင်ရန် စာတတ်မြောက်ရေးမှာ မရှိမဖြစ်လိုအပ် — စာ ၅

စာမတတ်သူ တို့ဝိုင်းကူ (ဆောင်းပါး) — စာ ၆

မြန်မာနိုင်ငံ စာရင်းအင်းဥပဒေကြမ်း — စာ ၁၅

ဟန်လင်း ပျူပြတိုက်များသို့ — စာ ၁၆




ကလေးဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်က ကလေး-ကလေးဝလမ်း ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ-ချင်းတွင်းသား

# မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများအနက် ထိုင်းနိုင်ငံသို့ အများဆုံးသွားရောက်

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)

မြဝတီ စက်တင်ဘာ ၇

မြန်မာနိုင်ငံသားများအနေဖြင့် ပြည်ပဝင်ငွေရရှိစေရန်နှင့် အတွေ့အကြုံသစ်များ တိုးတက်ရရှိစေရန်အတွက် ပြည်ပနိုင်ငံများသို့သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိရာတွင် ထိုင်းနိုင်ငံအတွင်းသို့ သွားရောက်လုပ်ကိုင်သူအများဆုံးဖြစ်ကြောင်း သိရသည်။ ထိုသို့ မြန်မာနိုင်ငံနှင့်နယ်စပ်ဖြစ်သည့် ထိုင်းနိုင်ငံအတွင်းသွားရောက်သူများတွင် ယခင်က အောက်လမ်းမှ သွားရောက်မှုများရှိသော်လည်း ယခုအခါတွင် လမ်းပန်းဆက်သွယ်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြင့်လာမှုကြောင့် တရားဝင်အလုပ်အကိုင် ရှာဖွေရေးအေဂျင်စီများမှ နှစ်ဖက်သဘောတူစာချုပ် MoU ဖြင့် ပို့ဆောင်သည့်

စာမျက်နှာ ၁၁ ကော်လံ ၄




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အစဉ်သင်ယူနေသော လူ့ဘောင်သစ်ဆီသို့

ယနေ့ စက်တင်ဘာလ ၈ ရက်နေ့သည်ကား နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ (International Literacy Day ) ဖြစ်ပါသည်။ ဤနေ့ ဤအချိန်အခါရောက်တိုင်း ကမ္ဘာ့နိုင်ငံအသီးသီးတို့၌ စာတတ်မြောက်ရေးနေ့ အခမ်းအနားများ ကျင်းပကာ စာတတ်မြောက်ရေး ကြိုးပမ်းအားထုတ်မှုများနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးကြလေ့ရှိပါသည်။

ယူနက်စကို၏စာရင်းအရ ကမ္ဘာ့သက်ကြီးလူဦးရေ ၇၇၄ သန်းသည် အနိမ့်ဆုံးစာတတ်မြောက်မှုစွမ်းရည် (Minimum Literacy Skills)မရှိကြောင်း သိရသည်။ ထိုအထဲတွင် အမျိုးသမီးသုံးပုံနှစ်ပုံမှာ အခြေခံစာတတ်မြောက်ခြင်းမရှိကြကြောင်း၊ ကလေးဦးရေ ၇၅ သန်းမှာလည်း စာသင်ကျောင်းပြင်ပ၌ ရှိနေကြခြင်းကြောင့်သော်လည်းကောင်း၊ ကျောင်းနေသော်လည်း ကျောင်းတက်မမှန်ခြင်းကြောင့်သော်လည်းကောင်း၊ ကျောင်းထွက်ရခြင်းကြောင့်သော်လည်းကောင်း စာတတ်မြောက်ခြင်း မရှိကြောင်း သိရပါသည်။ ကမ္ဘာပေါ်တွင် စာတတ်မြောက်သည်ဟု သတ်မှတ်ထားသူဦးရေမှာ သန်း ၄၀၀၀ ခန့်သာရှိပါသည်။ ထို့ကြောင့်ပင် ဤကဲ့သို့ စက်တင်ဘာလ ၈ ရက်နေ့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)ကြီးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ကာ ကမ္ဘာ့နိုင်ငံအသီးသီးသို့ နှစ်စဉ်ဘောင်တစ်ခု သတ်မှတ်ထုတ်ပြန်လျက် တိုက်တွန်းနှိုးဆော်လေ့ရှိပါသည်။

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်သည်ကား "လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ စာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်စို့" (Literacy and Sustainable Societies) ဟူ၍ဖြစ်ပါသည်။ ဤဆောင်ပုဒ်အရ ကျွန်ုပ်တို့လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် လူတိုင်းလူတိုင်း စာတတ်ရန်လိုအပ်လာပြီဖြစ်ပါသည်။ ဤနေရာတွင်စာတတ်မြောက်သည်ဟုဆိုရာ၌ ကျောင်းတွင်းကျောင်းပြင်ပပညာရေးသာမက အစဉ်သင်ယူနေသော လူ့ဘောင်သစ်ကို မဖြစ်မနေထူထောင်သွားကြရန် အရေးကြီးလှပေသည်။ မျက်မှောက်ခေတ်သည် လူကြီးလူငယ်မရွေး လူတိုင်းလူတိုင်းတစ်သက်တာ ကိုယ်တိုင်သင်ယူသူ(Life Long Learner)များဖြစ်အောင် ကြိုးပမ်းအားထုတ်နေချိန်ဖြစ်ပါသည်။

ကမ္ဘာကြီးသည်နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ စက်မှုနှင့်သိပ္ပံ ပညာရပ်များထွန်းကားတိုးတက်နေသော ကမ္ဘာကြီးဖြစ်ပါသည်။ နေ့စဉ်တိုးတက်ပြောင်းလဲနေသော ကမ္ဘာကြီးနှင့်အမီလိုက်နိုင်ရန် လိုအပ်ပါသည်။ ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲမှုများကို ရင်ပေါင်တန်းအမီလိုက်နိုင်မှလည်း တိုးတက်သောလူ့အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်သွားနိုင်မည်ဖြစ်ပါသည်။ ဤသို့ ကမ္ဘာကြီးနှင့်အမီ လိုက်နိုင်ရန်မှာလည်း လူတိုင်းလူတိုင်း အစဉ်သင်ယူနေကြရမည်ဖြစ်ပါသည်။ အစဉ်သင်ယူနေသော အလေ့အထကောင်းများကို လေ့ကျင့်သင်ယူမွေးမြူကြရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် နေ့စဉ်နှင့်အမျှ လေ့လာစရာ၊ သင်ယူစရာများ များပြားလှပေသည်။ စက်မှု၊ သိပ္ပံနှင့်ကွန်ပျူတာနည်းပညာများအချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးဆိုင်ရာများ တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ ဤကဲ့သို့ အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ်သင်ယူနေကြဖို့ လိုပါသည်။ တစ်နည်းအားဖြင့် အစဉ်လေ့လာသင်ယူနေကြရမည်ဖြစ်ပါသည်။ လူတိုင်းလူတိုင်း အစဉ်လေ့လာသင်ယူနေကြခြင်းဖြင့် ယခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သော "လူ့အဖွဲ့အစည်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်စို့"ဟူသော ဆောင်ပုဒ်နှင့်အညီ တိုးတက်သောလူ့အဖွဲ့အစည်း (ဝါ) တိုးတက်သောနိုင်ငံအဖြစ် တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ကျေးလက်နေလူငယ်များ ကွန်ပျူတာ၊ အင်တာနက်နည်းပညာများ ပြန့်ပွားရေးသင်တန်းဆင်း



**နေပြည်တော် စက်တင်ဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် စက်တင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်သူများ အပန်းဖြေလေ့လာ ကြည့်ရှုနိုင်ရန် ကမ်းရိုးတန်းသွား ခရီးသည်တင်သင်္ဘောသရုပ်ပြထားရှိမည့် လမုတောဥယျာဉ်မြေနေရာနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ကျေးလက်လူငယ်ကွန်ပျူတာ၊ အင်တာနက်နည်းပညာပြန့်ပွားရေး သင်တန်းဆင်းပွဲကို ရောက်ရှိသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက် လူငယ်ကွန်ပျူတာ၊ အင်တာနက်နည်းပညာ ပြန့်ပွားရေးသင်တန်း Mobile School Computer အစီအစဉ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော် လယ်ဝေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၊ ကံမမြို့နယ်၊ ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ်၊ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ် ကျေးလက်ဒေသများမှ ကျေးလက်လူငယ် ၁၁၀၀ တို့ကို ကွန်ပျူတာ၊ အင်တာနက်နည်းပညာသင်တန်းများ စဉ်ဆက်မပြတ် သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာခုနစ်ရွာတွင် ကွန်ပျူတာ Mobile School သင်တန်းများအား ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ကျေးလက်နေ ပြည်သူများအနေဖြင့် ကွန်ပျူတာ အခြေခံပညာရပ်များ၊ အဆင့်မြင့်ပညာရပ်များ သင်ယူတတ်မြောက်လာခြင်းအားဖြင့် မိမိဒေသထွက်ကုန် ပစ္စည်းများအားပြည်တွင်းသာမက ကမ္ဘာ့နိုင်ငံများမှ အချိန်နှင့်တစ်ပြေးညီသိရှိပြီး e-Commerce (online shopping) အား ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျေးလက်လူငယ်ကို ကွန်ပျူတာ၊ အင်တာနက်နည်းပညာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထင်သာမြင်သာပြုပြင်စရာ

## စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုကြောင့် ကျန်းမာရေးထိခိုက်နိုင်



မြင်းမူမြို့မဈေးအတွင်းရှိ ဈေးသည်များက အမှိုက်မျိုးစုံအပြင် ငါးညှီရေ၊ ကြက်မှထွက်သော အညစ်အကြေးများကို ဆေးရုံဟောင်းမြောက်ဘက် ရင်ခွဲရုံနေရာအမှိုက်ပုံတွင် လာရောက်စွန့်ပစ်နေကြသည်။ အမှိုက်များ၏ အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်နိုင်သည့်အပြင် လူသွားလမ်းပေါ်အထိရောက်နေ၍ ကြွက် များနှင့်ခွေးများက လမ်းပေါ်အမှိုက်များဖွသဖြင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေအိမ်များ အနံ့ဆိုးများနေ့စဉ်ရှူရှိုက်နေရသဖြင့် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း သိရသည်။

သို့ဖြစ်၍ သက်ဆိုင်ရာက အဆိုပါအမှိုက်ပုံအား သင့်တော်သည့်နေရာတွင် ဖယ်ရှားပေးပြီး အမှိုက်များစနစ်တကျစွန့်ပစ်ရေး ကြပ်မတ်ပေးစေလိုကြောင်း ဒေသခံပြည်သူများက လိုလားလျက်ရှိကြသည်။ (၀၇၉)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၇-၉-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၁၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၈၀၀၀ |

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၈၀၀/၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၇၀၀ |

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၇၈ |
| ဥရောပ | တစ်ယူရို | ၁၄၂၇.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၇.၅၇ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၅၂ |
| တရုတ် | တစ်ယွမ် | ၂၀၁.၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၇၆ |

ခင်ရတနာ-စုစည်းသည်။

၃၁-၈-၂၀၁၅ မှ ၄-၉-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၉၁၆ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၈၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၇**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်က အစ္စရေးနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံအမတ်ကြီး ဦးမျိုးအေးနှင့် သံရုံးဝန်ထမ်းမိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လက်ဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများပေးအပ်ရာ သံအမတ်ကြီးနှင့် ဝန်ထမ်းများက လက်ခံရယူသည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ မိနစ် ၄၀ တွင် အစ္စရေးနိုင်ငံ ဂျေရုစလင်မြို့ရှိ Holocaust ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် Yad Vashem (Holocaust Museum) တွင် ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘာ့အနှံ့ အပြား၌ သေဆုံးခဲ့ရသည့် ဂျူးလူမျိုးခြောက်သန်းအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် ပန်းခွေချသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် အစ္စရေးနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမျိုးအေးက ဂျေရုစလင်မြို့ဟောင်း Dead Sea ကမ်းခြေ Herods ဟိုတယ်၌ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Holocaust ပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။** (မြဝတီ)



**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် အစ္စရေး ကာကွယ်ရေး ဝန်ကြီး Mr. Moshe Ya'alom တို့ ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။** (မြဝတီ)

# နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်နိုင်သည့် အခွင့်အလမ်းများရှိသည်ဟု ယုံကြည်

**နေပြည်တော် စက်တင်ဘာ ၇**

အစ္စရေးနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အစ္စရေးကာကွယ်ရေးဝန်ကြီး Mr. Moshe Ya'alom က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးတို့သည် ဝန်ကြီး၏ရုံးခန်း၌ တွေ့ဆုံဆွေးနွေးကြရာ တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးကို ၁၉၅၃ ခုနှစ် ကစတင်ခဲ့ပြီး ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၅ ခုနှစ်တွင်လည်းကောင်း၊ အိမ်စောင့်အစိုးရလက်ထက် ဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းသည် ၁၉၅၉ ခုနှစ်တွင်လည်းကောင်း အစ္စရေးနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်း၊ ယခုခရီးစဉ်သည် နှစ်ပေါင်း ၆၀ အတွင်း တပ်မတော်အကြီးအကဲတစ်ဦး၏ ပထမဦးဆုံးခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ဆက်ဆံရေး ခြေလှမ်းသစ်ဖြစ်ကြောင်း၊ ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံထူထောင်သကဲ့သို့ မြန်မာနိုင်ငံလည်း လွတ်လပ်ရေးရရှိခဲ့ကြောင်း၊ လွတ်လပ်ရေးစတင်ရရှိချိန်တွင် တပ်မတော်ပိုင်းဆိုင်ရာ အကူအညီပေးခဲ့မှုများကိုလည်း အမှတ်ရနေကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်း လျှောက်လှမ်းလျက်ရှိပြီး နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်နိုင်ရန် အခွင့်အလမ်းများရှိနေသည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးက ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ စိန်ခေါ်မှုများကို နားလည်မှု၊ ယုံကြည်မှုများဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း၊ လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများကို အပြန်အလှန်ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန၌ အစ္စရေးကာကွယ်ရေး ညွှန်ကြားရေးမှူးချုပ် Maj. Gen. (Ret:) Mr. Dan Harel က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**

# ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတက်ရောက်ရန် ဖိတ်ကြား

**နေပြည်တော် စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ (International Day of Democracy 2015)အခမ်းအနားကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော် လွှတ်တော် အဆောက်အအုံသဘင်ဆောင်၌ ကျင်းပမည်ဖြစ်သည်။

လွှတ်တော်အစည်းအဝေးများ ရပ်နားထားချိန်ဖြစ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအား သီးခြားဖိတ်ကြားထားခြင်းမရှိသော်လည်း အဆိုပါအခမ်းအနားသို့ တက်ရောက်လိုပါက စက်တင် ဘာ ၁၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အောက်ပါတယ်လီဖုန်း/ဖက်စ်များသို့ ဆက်သွယ်၍ အမည်စာရင်းပေးပို့ရန် ဖြစ်ကြောင်း သတင်းရရှိသည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုလွှတ်တော်ရုံး | ဖုန်း-၀၆၇-၅၉၁၁၈၉<br>ဖက်စ်-၀၆၇-၅၉၁၂၉၄ |
| (ခ) | ပြည်သူ့လွှတ်တော်ရုံး | ဖုန်း-၀၆၇-၅၉၁၂၅၇<br>ဖက်စ်-၀၆၇-၅၉၁၀၅၈ |
| (ဂ) | အမျိုးသားလွှတ်တော်ရုံး | ဖုန်း-၀၆၇-၅၉၁၂၆၁<br>ဖက်စ်-၀၆၇-၅၉၁၃၈၂ |

**(သတင်းစဉ်)**

# မြစိမ်းရောင် ရန်ပုံငွေကျပ် သိန်း ၃၀၀ လွှဲပြောင်းပေးအပ်

**မံစီ စက်တင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများဖြစ်သည့် ဝွေ့ကြီးကျေးရွာ၊ မံမကောက်ကျေးရွာ၊ တောင်းလိန်ကျေးရွာနှင့် နမ့်မဖွဲကျေးရွာ လေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေလွှဲအပ်ခြင်းအခမ်းအနားကို စက်တင်ဘာလ ပထမပတ်က ဝွေ့ကြီးကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မံစီမြို့နယ်ဦးစီးမှူး ဦးဌေးမြင့်က ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံသို့ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ စီကို ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# လုံခြုံရေးဥပဒေကြမ်းအပေါ် ထိပ်တိုက်ရင်ဆိုင်မှုများ မြင့်တက်လာ

**တိုကျို စက်တင်ဘာ ၇**

လက်ရှိကျင်းပနေသော ဂျပန်လွှတ်တော် (ဒိုင်းယက်) မပြီးဆုံးခင် အချိန်တွင် အမျိုးသားလုံခြုံရေးဥပဒေကြမ်းအပေါ် ညွန့်ပေါင်းအစိုးရအဖွဲ့နှင့် အတိုက်အခံကြား ထိပ်တိုက်ရင်ဆိုင်မှုများ မြင့်တက်လာလျက်ရှိသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ၎င်း၏ ညွန့်ပေါင်းမဟာမိတ်ဖြစ်သော ကိုမီတိုတို့က အဆိုပါဥပဒေကြမ်းကို လာမည့်အပတ်တွင် ပြဋ္ဌာန်းရန် စီစဉ်လျက်ရှိသည်။ သို့သော်လည်း အင်အားအကြီးဆုံး အတိုက်အခံ ပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီက ၎င်းနှင့်ပူးပေါင်းဆောင်ရွက်မည့် အခြားအဖွဲ့များကိုစည်းရုံးပြီး မဲပေးမှုကို ပိတ်ပင်ရန် ကြိုးစားမည်ဖြစ်သည်။

လွန်ခဲ့သော သောကြာနေ့က ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက အချိန်လုံလောက်စွာယူပြီး ဥပဒေကြမ်းကို မဲခွဲဆုံးဖြတ်ရန် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအထွေထွေအတွင်းရေးမှူး ဆာဒါကဆုဘာ နေကာကီကို ပြောခဲ့သည်။

ယခုလက်ရှိကျင်းပနေသော လွှတ်တော်သည် နောင်လာမည့် သုံးပတ်မတိုင်မီ ပြီးဆုံးမည်ဖြစ်သည်။ ဒီဇင်ဘာလထိရရှိမည့် ဂျပန်နိုင်ငံ၏ အားလပ်ရက်များကို ထည့်သွင်းစဉ်းစားမည်ဆိုပါက အစိုးရညွှန့်ပေါင်းအဖွဲ့သည် ဥပဒေကြမ်းကို အထက်လွှတ်တော်သို့ ရွှေ့အပတ်တွင် တင်သွင်းရမည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းရမည်ဖြစ်သည်။

ထိုသို့လုပ်ခြင်းဖြင့် အထက်လွှတ်တော် ဥပဒေကြမ်း အထူးကော်မတီက လာမည့်တနင်္လာနေ့တွင် ဥပဒေဆိုင်ရာ အထူးကျွမ်းကျင်သူများကို ဖိတ်ခေါ်၍ ဥပဒေကြမ်းအပေါ် ဆွေးနွေးဖြေကြားခြင်းတို့ကို ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ အစိုးရညွှန့်ပေါင်းအဖွဲ့သည် ထိုဥပဒေကို အများပြည်သူ



သိသာကြားနာခွင့်ရရန် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ပြီး မဲရရှိရန် ကြိုးစားရမည်ဖြစ်သည်။

သို့သော်လည်း ဒီမိုကရက်တစ်ပါတီနှင့် ဂျပန်တိုးတက်ရေးပါတီတို့က အဆိုပါ ဥပဒေကြမ်းအပေါ် မဲရရှိရန် အတင်းအကျပ် ပြုလုပ်ခြင်းငှာ လက်ခံနိုင်ဖွယ်မရှိကြောင်း ကြေညာခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# တရုတ်ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ လိုက်ဘေးရီးယားသို့ စေလွှတ်

**ပေကျင်း စက်တင်ဘာ ၇**

တရုတ်တပ်ဖွဲ့ဝင် ၂၅၇ ဦး ပါဝင်သောအဖွဲ့တစ်ဖွဲ့သည် လိုက်ဘေးရီးယားနိုင်ငံတွင် ၁၂ လကြာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်ရန် တနင်္လာနေ့က ထွက်ခွာသွားကြသည်။

တရုတ်နိုင်ငံသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၅၀၉ အရ လိုက်ဘေးရီးယားနိုင်ငံရှိ ငြိမ်းချမ်းရေးမစ်ရှင်သို့ ဝင်ရောက်ခဲ့ပြီး တရုတ်ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်(၁၈)ကြိမ်မြောက်အသုတ်မှ ပထမဆုံးသော အဖွဲ့ကို စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ဒုတိယအဖွဲ့ကို စက်တင်ဘာ ၁၇ ရက်တွင် စေလွှတ်သွားရန် စီစဉ်ထားသည်။

အဆိုပါ (၁၈)ကြိမ်မြောက် အသုတ်တွင် တပ်ဖွဲ့ဝင် ၅၀၈ ဦး ပါဝင်သည်။ ၎င်းတို့တွင် အင်ဂျင် နီယာတပ်ဖွဲ့ဝင် ၂၇၅ ဦး၊ ပို့ဆောင် ရေးတပ်ဖွဲ့ဝင် ၁၉၀ နှင့် ဆေးတပ်ဖွဲ့ဝင် ၄၃ ဦးပါဝင်ကြောင်း သိရသည်။ အဆိုပါတပ်ဖွဲ့ဝင်များအားလုံးသည် ပေကျင်းစစ်ဌာနချုပ် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)မှ ဖြစ်သည်။



အဆိုပါမစ်ရှင်အဖွဲ့တွင် လမ်းပြင်၊ တံတားဆောက်၊ လူနေအိမ်နှင့် လေဆိပ်များပြုပြင်၊ ရေနှင့် လျှပ်စစ်မီးလိုင်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ပေးနိုင်မည့်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြသည်ဟုဆိုသည်။ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ခဲ့သည့် (၁၇)ကြိမ်မြောက်အသုတ်မှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည်ဟုဆိုသည်။ **(ဆင်ဟွာ)**

# လူ ခုနစ်ဦးနှင့်အတူပျောက်ဆုံးနေသော ဆီနီဂေါလေယာဉ် ဘိုးရင်းလေယာဉ်နှင့်တိုက်မိဖွယ်ရှိ

**ဒါကာ စက်တင်ဘာ ၇**

လူခုနစ်ဦးတင်ဆောင်ပြီးဘူကီနာဖာဆိုနိုင်ငံမှ ဆီနီဂေါနိုင်ငံသို့ ဦးတည်ပျံသန်းနေစဉ်ပျောက်ဆုံးသွားသည့် ဆေးဘက်သုံးလေယာဉ်တစ်စင်းမှာ ရေဒါဖန်သားပြင်ပေါ်မှမပျောက်ခင်ကလေးက ယင်းထက်အများကြီး ကိုယ်ထည်ကြီးမားသော ဘိုးရင်းလေယာဉ်တစ်စင်းနှင့် တိုက်မိသွားဖွယ်ရှိကြောင်း ဆီနီဂေါလေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ဆီနီဂေါပုဂ္ဂလိကပိုင်လေယာဉ်တစ်စင်းဖြစ်သည့် အဆိုပါလေယာဉ်မှာ ပြင်သစ်လူနာတစ်ဦးနှင့်အတူ ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦးနှင့်လေယာဉ် အမှုထမ်း သုံးဦးတို့ကိုတင်ဆောင်ကာ စက်တင်ဘာ ၅ ရက် ညက ဘူကီနာဖာဆိုမြို့ ကွန်ဂါဒူဂူမှ ဆီနီဂေါနိုင်ငံမြို့တော်ဒါကာသို့ ဦးတည်ပြီးထွက်ခွာပျံသန်းလာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါလေယာဉ်မှာ ဘူကီနာဖာဆိုမြို့တော်ကွန်ဂါဒူဂူကို ကီလိုမီတာ ၁၀၀ ကျော်အထိ လွန်သွားခဲ့ပြီးနောက် အတ္တလန္တိတ်သမုဒ္ဒရာပေါ် မိုးကောင်းကင်တွင် ပျက်ကျခဲ့ဖွယ်ရှိပြီး ရှာဖွေမှုလုပ်ငန်းကို စက်တင်ဘာ ၇ ရက်အထိ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကနဦးရရှိသည့်သတင်းများအရ လေယာဉ်နှစ်စင်းတိုက်မိမှုရှိသည်ဟု သို့သော်ယင်းသတင်းကို အတည်ပြုရေး၊မပြုရေးနှင့်ပတ်သက်၍ စနစ်တကျ စုံစမ်းစစ်ဆေးမှုများနှင့်အတူ မိမိတို့ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဆီနီဂေါလေကြောင်းအာဏာပိုင်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် မာဂွီရီ မာရာမီ ဒါအို ကသတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါလေယာဉ်မှာ စက်တင်ဘာ ၅ ရက်က လေယာဉ်မပျက်ခင် တစ်နာရီခန့်အလို ၊ ဂရင်းနစ်စံတော်ချိန် ၁၈၁၃ ခန့်က အီကွေတိုရီ ယာယ်ဂီနီနိုင်ငံမာလာဘိုမြို့အခြေစိုက် ဆီဘာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းက အသုံးပြုလျက်ရှိသည့် ဘိုးရင်း B.737-800 လေယာဉ်လမ်းကြောင်းကို ဖြတ်သန်းစဉ် ဘိုးရင်းလေယာဉ်တစ်စင်းနှင့် တိုက်မိသွားဖွယ်ရှိကြောင်း၊ အဆိုပါလေယာဉ်တိုက်မိခဲ့ဖွယ်ရှိသည့်နေရာမှာ ဒါကာမြို့မှ ၅၅၅ကီလိုမီတာခန့် အကွာတွင် ဖြစ်ဖွယ်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

**(ရိုက်တာ)**

# ပါကစ္စတန်ပြည်တွင်းလုပ် ဒရုန်းတိုက်ခိုက်ရေးယာဉ် စစ်သွေးကြွသုံးဦးအား သုတ်သင်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၇**

ပါကစ္စတန် ပြည်တွင်းလုပ် ဒရုန်း တိုက်ခိုက်ရေးယာဉ်သည် စစ်သွေးကြွ သုံးဦးထက်မနည်းကို သုတ်သင်ခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက စက်တင်ဘာ ၇ ရက်တွင် ပြောခဲ့သည်။

ယခု တီထွင်လိုက်သော ပြည်တွင်းလုပ် ဒရုန်းတိုက်ခိုက်ရေးယာဉ်သည် လွန်ခဲ့သော ဆယ်စုနှစ်များစွာကြာသောအချိန်ကတည်းက အမေရိကန် ဒရုန်းတို့က အကြမ်းဖက်စစ်သွေးကြွများကို တိုက်ခိုက်နှိမ်နင်းရာတွင် အခန်းသစ်တစ်ခုအဖြစ် ပူးပေါင်းပါဝင် အားဖြည့်တပ်ဖြစ်မည်ဖြစ်ကြောင်း သိရသည်။

'ဘားရတ်' ဒရုန်းတိုက်ခိုက်ရေးယာဉ်သည် ရှာဝါတောင်ကြား၌ ပုန်းအောင်းနေသော အကြမ်းဖက်သမားများကို တိုက်ခိုက်ခဲ့သည်။ ယင်းဒေသသည် အာဖဂန်နစ္စတန်နှင့် နယ်စပ်ချင်း ထိစပ်လျက်ရှိပြီး စစ်သွေးကြွများ ခြေကုပ်ယူရာ နေရာဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာစင် တာတာက ပြောခဲ့သည်။ အစိုးရတပ်များသည် လူမျိုးစု ခွဲဝေအုပ်ချုပ်ရာဒေသဖြစ်သော ပါက်ရှိယွန်းဒေသ အာဖဂန် နယ်စပ်တစ်လျှောက် မှီတင်းနေထိုင်ကြသည့် ပါကစ္စတန် တာလီဘန်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်ရေးများ ပြုလုပ်နေကြောင်း သိရသည်။

အစိုးရတပ်များသည် မြေပြင်၊ ဝေဟင်တပ်များ၏ အင်အားကို ရယူ၍ ခုခံကာကွယ်ရေး စစ်ဆင်မှုများကို လွန်ခဲ့သောလမှစ၍ ရှာဝါတောင်ကြားအထိ တိုးမြှင့်ခဲ့သည်။

အစိုးရက အမေရိကန် ဒရုန်းယာဉ်များ၏ တိုက်ခိုက်မှုသည် နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးကြောင်း ကြေညာခဲ့သော်လည်း အဆိုပါ အမေရိကန် ဒရုန်းတိုက်ခိုက်မှုများကို တိတ်တဆိတ် ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

၂၀၀၄ ခုနှစ်ကတည်းက ပါကစ္စတန်တွင် အမေရိကန် ဒရုန်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၄၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ပါကစ္စတန်သည် 'ဘားရတ်' ဒရုန်းတိုက်ခိုက်ရေး ယာဉ်များကို မတ်လကတည်းက အောင်မြင်စွာ စမ်းသပ်ခဲ့ပြီး အကြမ်းဖက်ဆန့်ကျင် တိုက်ခိုက်ရေးလှုပ်ရှားမှုများ၌ အသုံးပြုရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

**(ရိုက်တာ)**



# အာဖဂန်စစ်ဆေးရေးဂိတ် တာလီဘန်များတိုက်ခိုက်

**ကဘူးလ် စက်တင်ဘာ ၇**

အာဖဂန်အရှေ့ပိုင်း၌ တာလီဘန်အကြမ်းဖက်သမားများနှင့် အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်များအကြားတိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့ရာ စစ်သွေးကြွရှစ်ဦးနှင့် တပ်ဖွဲ့ဝင်တစ်ဦးအပါအဝင် ကိုးဦးသေဆုံးခဲ့ကြောင်း၊ မြို့တော်ကဘူးလ်အရှေ့ဘက် ၁၈၅ ကီလိုမီတာအကွာ ကူနာပြည်နယ် နာရိုင်းခရိုင်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲမင်းကြီး အဗ္ဗဒူလ်ဟာဘစ်ဘေယက်ခ်ိလီက ပြောသည်။ "တာလီဘန်တွေက ဒေသစံတော်ချိန် နံနက် ၄ နာရီလောက်မှာ နာရိုင်းခရိုင်လုံခြုံရေးစစ်ဆေးရေးဂိတ်ကို လာရောက်တိုက်ခိုက်ခဲ့ပါတယ်။ လုံခြုံရေး တပ်ဖွဲ့ဝင်တွေက ပြန်လည်ပစ်ခတ်ခဲ့တဲ့အတွက် သူပုန်ရှစ်ဦး သေဆုံးခဲ့ပါတယ်"ဟု ဘေယက်ခ်ိလီက သတင်းထောက်များအား ပြောသည်။ "တိုက်ပွဲမှာ အာဖဂန်တပ်ဖွဲ့ဝင်တစ်ဦးကျဆုံးပြီး အကြမ်းဖက်သမား ၁၂ ဦးနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် စုစုပေါင်း ၁၅ ဦး ဒဏ်ရာရရှိသွားခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

သို့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်သွေးကြွများအား လုံခြုံဘေးကင်းသည့်နေရာသို့ရောက်ရှိအောင် လိုက်လံချေမှုန်းခဲ့သည်ဟု ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။ **(ဆင်ဟွာ)**

## မိုးပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်၌ ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်၌ ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက မလေးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၇**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပမည့် အာဆီယံပါလီမန်များ၏ (၃၆)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကအား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကိုးကန့်ဒေသ ယခင်ကဲ့သို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုသည် အလွန်ပင်အရေးကြီး

နေပြည်တော် စက်တင်ဘာ ၇

**ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက နေပြည်တော်မှ ထွက်ခွာပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကွမ်းလုံမြို့သို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။**





ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့၌ ရောက်ရှိနေသော အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) အဖွဲ့အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံးခန်းမ၌ တွေ့ဆုံသည်။

ထိုမှတစ်ဆင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးရုံး မြို့နယ်ခန်းမ၌ကျင်းပသော ထောက်ပံ့ရေးပစ္စည်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ကိုးကန့်ဒေသသည် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော နယ်မြေဒေသတစ်ခုဖြစ်ကြောင်း၊ ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသတည်ငြိမ်မှု ပျက်ပြားခဲ့ရပြီး ဒေသခံပြည်သူများ အသက်ဆုံးရှုံးရခြင်းနှင့် အိုးအိမ်စွန့်လွှတ်၍ ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရကြောင်း၊ တပ်မတော်သားများမှာလည်း နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုရရှိရန် တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ရကြောင်း၊ ယခုတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့် အမျှ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုးကန့်ဒေသ ယခင်ကဲ့သို့ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဒေသတည်ငြိမ်အေးချမ်းမှုသည် အလွန်ပင်အရေးကြီးကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

တရားဥပဒေဘောင်အတွင်း စည်းကမ်းတကျနေထိုင်သွားလျှင် ပြည်ပနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိပြီး အပစ်အခတ်ရပ်စဲရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိကျစွာ လိုက်နာရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းပါဝင်ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးရုံး အစည်းအဝေးခန်းမ၌ စစ်အုပ်ချုပ်ရေးဒေသအကြံပေးအဖွဲ့နှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်း နယ်စပ်ဂိတ်သို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး မန်ချူးကျေးရွာသစ် မြေနေရာ၌ တန်ဖိုးနည်းအိမ်ရာ ဆောက်လုပ်နေမှုနှင့် လောက်ကိုင်မြို့တွင်းသို့ လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့သည် လောက်ကိုင်မြို့ ခရိုင်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသလျက်ရှိသောလူနာများကို ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဌာနဆိုင်ရာ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့တက်ရောက်ကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ တင်ပြမှုအပေါ် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေရှည်တည်တံ့နိုင်သည့် ဖွံ့ဖြိုးရေးရည်မှန်းချက်အောင်မြင်ရန် စာတတ်မြောက်ရေးမှာ မရှိမဖြစ်လိုအပ်

## နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခါသမယတွင်

## ယူနက်စကို ညွှန်ကြားရေးမှူးချုပ် မစ္စ အိုင်ရီနာဘိုကိုဗာထံမှ ပေးပို့သောသဝဏ်လွှာ

**၂၀၁၅ခုနှစ် စက်တင်ဘာ ၈ ရက်**

နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့တွင် စာတတ်မြောက်ရေးသည် လူ့အခွင့်အရေးဟူသော တံခွန်အလံကို လွှင့်ထူကြမြဲဖြစ်ပါသည်။ စာတတ်မြောက်ရေးသည် ဂုဏ်သိက္ခာရှိရေးအတွက် အင်အား၊ စုစည်းညီညွတ်သော လူ့အဖွဲ့အစည်းများဖြစ်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုရရှိရေးအတွက် အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။

ဤသိစေလိုရင်းအချက်မှာ ယခုနှစ်အတွက် ပိုမို၍အရေးကြီးပါသည်။ လာမည့် ၁၅ နှစ်အတွက် လမ်းညွှန်အဖြစ် အသုံးပြုမည့် ပညာရေးနှင့် ဖွံ့ဖြိုးရေးလမ်းစဉ်သစ်ကို နိုင်ငံအများက အတည်ပြုရန်ရှိပါသည်။ ဤလမ်းစဉ်သစ်တွင် စာတတ်မြောက်ရေးကို အားပေးမြှင့်တင်ခြင်းသည် အချက်အချာနေရာမှ ပါဝင်ရပါမည်။ စာတတ်မြောက်ရေးသည် အမျိုးသမီး၊ အမျိုးသား တစ်ဦးချင်းကို စွမ်းဆောင်နိုင်စေခြင်းဖြင့် ပိုမိုကောင်းမွန်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် စားနပ်ရိက္ခာဖူလုံမှုမှ ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေးနှင့် သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိရေး အားပေးမြှင့်တင်ခြင်းအထိ ကဏ္ဍစုံ ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှု ဖြစ်စေပါသည်။ ၂၀၀၀ ပြည့်နှစ်မှစ၍ ကမ္ဘာတစ်ဝန်း တိုးတက်မှုရှိသော်လည်း ကြီးမားသော စိန်ခေါ်မှု အခက်အခဲများလည်း ရှိပါသည်။ ယခုအခါ အရွယ်ရောက်ပြီးသူ ၇၅၇သန်းမှာ အခြေခံစာတတ်မြောက်ရေး ကျွမ်းကျင်မှုများ မရှိကြပါ။ ယင်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ပါသည်။ ကျောင်းမနေသော ကလေးသူငယ်များနှင့် အရွယ်ရောက်စ လူငယ်များအရေအတွက် တိုးမြင့်လာနေပါသည်။ ကမ္ဘာတစ်ဝန်းတွင် ၁၂၄သန်း ရှိပါသည်။ မူလတန်းအရွယ် ကလေးသူငယ် သန်း ၂၅၀ခန့်မှာ ကျောင်းတက်နိုင်သည့်တိုင် အခြေခံစာတတ်မြောက်မှု ကျွမ်းကျင်မှုများ လေ့လာသင်ယူနိုင်မှုမရှိဘဲ ဖြစ်နေပါသည်။

ဤသို့ဆက်လက်ဖြစ်ပွားနေခြင်းကို ခွင့်မပြုနိုင်ပါ။ "အများပါဝင်ပြီး သာတူညီမျှဖြစ်သော အရည်အသွေးမြင့်ပညာရေးနှင့် အားလုံးအတွက် ဘဝတစ်သက်တာ လေ့လာသင်ယူမှုကို အားပေးမြှင့်တင်ရန်" ဟူသော အဆိုပြုထားသော ရေရှည်တည်တံ့နိုင်သည့် ဖွံ့ဖြိုးရေးရည်မှန်းချက် အောင်မြင်ရန် စာတတ်မြောက်ရေးမှာ မရှိမဖြစ်လိုအပ်ပါသည်။

ဤသည်မှာ နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ယူနက်စကို၏ သဝဏ်လွှာပင်ဖြစ်ပါသည်။ အမျိုးသမီး၊ အမျိုးသားများသည် လူ့အဖွဲ့အစည်းအတွင်း အပြည့်အဝ ပါဝင်လာနိုင်ရန် ပိုမိုကျယ်ပြန့်သော ဖွံ့ဖြိုးရေးမူဝါဒများအတွင်း စာတတ်မြောက်ရေးအတွက် လုပ်ဆောင်ချက်များကို ထည့်သွင်းလုပ်ဆောင်နိုင်ရေး ရင်းနှီးမြှုပ်နှံမှု ပိုမိုပြုလုပ်ရန်နှင့် ပိုမိုထိရောက်သော မူဝါဒများ ကျင့်သုံးရန် လိုအပ်ပါသည်။ ပိုမို၍ တရားမျှတပြီး စည်းလုံးညီညွတ်သော လူ့အဖွဲ့အစည်းများတည်ဆောက်ရေးအတွက် အရေးပါသည့် မူဝါဒနယ်ပယ်အားလုံးတွင် အပြုသဘောအပြန်အလှန် အကျိုးပြုမှုများ ပေါ်ပေါက်လာစေရန် ဆန်းသစ်တီထွင်သော အစီအမံများဖြင့် ပံ့ပိုးပေးရပါမည်။ လူ့အခွင့်အရေးနှင့် လူသားဂုဏ်သိက္ခာ အခြေခံပေါ်တွင် အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တည်ဆောက်ရေးကြိုးပမ်းလုပ်ဆောင်ကြရာ၌ ဤအချက်မှာ အထူးလိုအပ်ပါသည်။

# စာမတတ်သူ တို့ဝိုင်းကူ

ဒေါက်တာသန်းဦး

**"လဲနေသူကို**
**ဝိုင်းထူလို့ပေး၊**
**စာမတတ်သူ**
**ဝိုင်းကူစို့လေး"**

**စာတတ်မြောက်ရေးလှုပ်ရှားမှု**

စာမဖတ်တတ်သူ၊ စာမရေးတတ်သူကို စာဖတ်စာရေးမတတ်သူ (illiterate) ဟူ၍ သတ်မှတ်ခံရပါသည်။ စင်စစ်အားဖြင့် ထိုသူသည် လူပုံအလယ်၌ မျက်နှာငယ်ရသူ၊ လူ့သိက္ခာတွင် ချို့တဲ့နေရသူအဖြစ် လူ့အသိုင်းအဝိုင်း၌ အားငယ်နေရပါသည်။ လူ့အဖွဲ့အစည်း၌ မဝင်ဆံ့ဖြစ်နေရပါသည်။

ထိုသူသည် သူကိုယ်တိုင် စာမဖတ်တတ်ကြောင်း၊ စာမရေးတတ်ကြောင်းကို လူအများမသိအောင်ကြိုးစား၍ ဖုံးကွယ်ထားတတ်ပါသည်။ စာတတ်သယောင်ယောင်ဆောင်၍ နေရပါသည်။ အမှန်တကယ်အားဖြင့် စာမတတ်ပါ။ စာမတတ်သူ ရွက်ပုန်းသီးပမာ နေထိုင်ဆက်ဆံခံနေရပါသည်။

ထိုသူသည် မိမိစာမတတ်ခြင်းကိုလည်း ရှက်တတ်နေပါသည်။ သို့သော် စာတတ်အောင် အသက်အရွယ်အရ စာသွားမသင်ရဲပါ။ စာသင်ရမှာကိုပင် ကြောက်ရွံ့နေပါသည်။ မရှက်ရမည်ကို ရှက်၍၊ မကြောက်ရွံ့ရမည်ကို ကြောက်ရွံ့နေခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် စာမတတ်သူများကို ထိုအရှက်၊ အကြောက်တို့မှ ရုန်းထွက်လာနိုင်အောင် "စာတတ်မြောက်ရေးလှုပ်ရှားမှု" (LITERACY CAMPAING) ဖြင့် စာမတတ်သူများကို ကောင်းစွာချဉ်းကပ်ရပါသည်။ ဆွဲဆောင်သိမ်းသွင်းယူရပါသည်။ စည်းရုံးယူရပါသည်။ ဤသည်ပင်လျှင် စာတတ်မြောက်ရေးလှုပ်ရှားမှု၏ အဓိကတာဝန်နှင့် အဓိကလုပ်ငန်းဖြစ်ပါတော့သည်။

**စာမတတ်သူကို စာတတ်သူကသင်ကြားပေးခြင်း**

စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် အဓိကပုဂ္ဂိုလ်နှစ်ဦးရှိပါသည်။ ထိုသူတို့မှာ-

**"စာမတတ်သူ"**
**နှင့်**
**"စာတတ်သူ"**

တို့ဖြစ်ကြသည်။

စာမတတ်သူကို စာတတ်သူက စာတတ်လာအောင် သင်ကြားပေးနိုင်ပါသည်။ (Teach one, each one) ။ စာတတ်မြောက်ရေးတွင် စာမတတ်သူကိုယ်တိုင်က မရှက်မကြောက် သင်ယူလိုစိတ်၊ သင်ယူလိုသော ဆန္ဒပြင်းပြမှုရှိရပါသည်။ ထိုသို့သော စိတ်၊ ဆန္ဒမျိုးပေါ်ထွန်းလာအောင်၊ ပေါ်ထွက်လာအောင် စာတတ်မြောက်ရေး လှုပ်ရှားမှုက စနစ်တကျ ထဲထဲဝင်ဝင် ကြိုးကြိုးစားစား လှုံ့ဆော်တတ်မှု၊ ချဉ်းကပ်တတ်မှု၊ စည်းရုံးသိမ်းသွင်းတတ်မှု ရှိရပါသည်။

စာတတ်မြောက်အောင် သင်ကြားပေးရာတွင်လည်း အမျိုးသားစာမတတ်သူကို အမျိုးသားစာတတ်သူက အချင်းချင်း သင်ကြားပေးခြင်း၊ အမျိုးသမီးစာမတတ်သူကို အမျိုးသမီးစာတတ်သူက အချင်းချင်းသင်ကြားပေးခြင်း၊ ဖြစ်နိုင်ပါက၊ ရနိုင်ပါက ကိုယ်ဝန်ဆောင်စာမတတ်သူကို ကိုယ်ဝန်ဆောင် စာတတ်သူက သင်ကြားပေးခြင်းမျိုးတို့ကို ရရှိလာအောင် ကြံဆောင်ကြိုးစားဖန်တီးပေးကြရပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကို စာတတ်မြောက်ရေးလှုပ်ရှားမှုက ကြံဆောင်အားထည့် အားထုတ်ရခြင်းဖြစ်ပါသည်။

စာတတ်မြောက်ရေးလှုပ်ရှားမှုသည်-

(က) စာမတတ်မြောက်သူကို စာသင်ယူချင်လာအောင်၊ စာသင်ယူဖြစ်လာအောင်လည်းကောင်း၊

(ခ) စာတတ်မြောက်ပြီးသူကိုလည်း စာမတတ်သေးသူအား စာသင်ပေးချင်လာအောင်၊ စာတတ်မြောက်သွားသည်အထိ စာသင်ပေးခြင်းအမှုကို ပြုလုပ်ဖြစ်လာအောင်လည်းကောင်း နှစ်ဖက်နှစ်လမ်းကောင်းစွာ၊ စနစ်ကျစွာ လှုံ့ဆော်စည်းရုံး သိမ်းသွင်းဆောင်ရွက်ခြင်း အမှုပြုရပါသည်။

**ပညာဒါနပေးလှူခြင်း**

စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စာမတတ်သူသင်ယူသူနှင့် ထိုစာမတတ်သူကို စာတတ်မြောက်သွားအောင် သင်ကြားပေးလိုသူ၊ ထိုနှစ်ဦးတို့အပြင် ထိုနှစ်ဦးတို့ သင်ကြားသင်ယူကြရမည့်အချိန်၊ သင်ကြားသင်ယူကြရမည့်နေရာ၊ သင်ကြားသင်ယူရာ၌ အသုံးပြုရမည့်ပစ္စည်းများ (သက်ကြီးဖတ်စာအုပ်၊ ဆရာကိုင်လမ်းညွှန်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင် စသည်များ) လိုအပ်မည့် အလင်းရောင်ပေးနိုင်သည့် ဖယောင်းတိုင်၊ ဆီမီးခွက်၊ မီးလုံး၊ မီးချောင်းနှင့်တကွ စာသင်ခုံ၊ စာသင် စားပွဲ၊ ကျောင်းသင်ပုန်းကြီး(ထမင်းစားပွဲအဝိုင်းကိုလည်း ကျောင်းသင်ပုန်းကြီးအဖြစ် အသုံးပြုနိုင်သည်)ရရှိရေးတို့အတွက်ကိုပါ ကြံဆောင်၍ ပညာဒါနပေးလှူကြမည့် အလှူရှင် (သဒ္ဓါကြည်လင် ပါရမီရှင်) တို့ကိုပါ တစ်ပါတည်း၊ တစ်တွဲတည်းရရှိလာအောင် ကြံဆောင်ကြိုးစားစည်းရုံးပြီး ဆောင်ရွက်မှု ပြုကြရပါသည်။

သို့ဖြင့် စာမတတ်သူကို စာတတ်လာအောင်သင်ယူလိုစိတ်၊ သင်ယူလိုမှုရှိလာအောင်၊ စာတတ်သူကလည်း စာမတတ်သူကို စာတတ်သွားသည်အထိ သင်ကြားပေးလိုစိတ်နှင့် သင်ကြားပေးမှုအောင်မြင်ထမြောက်သွားအောင် ကြိုးစားဆောင်ရွက်မှုတို့ အောင်မြင်ပေါက်မြောက် ထိရောက်စေရေးအတွက် လိုအပ်သည့် အချိန်၊ နေရာနှင့်တကွ ပစ္စည်းများကိုပါ ပြည့်ပြည့်စုံစုံကူညီပံ့ပိုးနိုင်သည့် ပညာဒါနပေးလှူသူ၊ အလှူရှင်များပါမကျန် ပြည့်စုံစွာအဘက်ဘက်မှ ရရှိလာအောင် စာတတ်မြောက်ရေး လှုပ်ရှားမှုက ကြံဆောင်ဖော်ဆောင်ကြိုးပမ်းအားထုတ်ရပါသည်။

**စာတတ်မြောက်အောင် သင်ကြားပေးရာတွင်လည်း အမျိုးသားစာမတတ်သူကို အမျိုးသားစာတတ်သူက အချင်းချင်း သင်ကြားပေးခြင်း၊ အမျိုးသမီးစာမတတ်သူကို အမျိုးသမီးစာတတ်သူက အချင်းချင်းသင်ကြားပေးခြင်း၊ ဖြစ်နိုင်ပါက၊ ရနိုင်ပါက ကိုယ်ဝန်ဆောင်စာမတတ်သူကို ကိုယ်ဝန်ဆောင် စာတတ်သူက သင်ကြားပေးခြင်းမျိုးတို့ကို ရရှိလာအောင် ကြံဆောင် ကြိုးစား**

**တတ်မြောက်မှုကိုစစ်ဆေးခြင်း၊ အောင်မြင်မှုကိုအားပေးခြင်း**

စာမတတ်သူကိုစာတတ်သူက သင်ကြားရာ၌ သက်ကြီးဖတ်စာကို လက်ကိုင်ထား၍ ထိုသက်ကြီးဖတ်စာကို သင်ကြားသူက မည်သို့မည်ပုံသင်ကြားပေးရမည်။ သင်ယူသူက မည်သို့မည်ပုံ သင်ယူရမည်တို့ကို သက်ကြီးဖတ်စာပါ လမ်းညွှန်မှာကြားထားချက်တို့နှင့်အညီ သင်ကြားသင်ယူမှုပြုစေရမည်ဖြစ်ပါသည်။

သက်ကြီးဖတ်စာပါသင်စာနှင့် ဖတ်စာတို့အရ သင်စာ၊ ဖတ်စာတို့ကို သင်ကြား သင်ယူပြီးတိုင်း တတ်မြောက်မှုကိုတစ်ပါတည်း ကွဲကူးရေပါ စစ်ဆေးသွားကြရပါသည်။ (ဥပမာ- ဝ၊ ထ၊ က၊ လ၊ သ ကိုသင်ကြားသင်ယူစေရာ၌ အက္ခရာထိုင်းလုံး၏ အသံ၊ အဓိပ္ပာယ်နှင့်ရေးဆွဲတတ်မှု တစ်ခုချင်းကို အဖတ်၊ အရေးနှစ်မျိုးစလုံးကို ဖတ်ရွတ်ရေးသားတတ်ပြီဆိုပါက ထိုသို့တတ်မြောက်သွားကြောင်းကို သင်ကြားသည့် ဆရာက သင်ယူသူ(တပည့်)အား ကောင်းစွာအသိပေးကြေညာရမည်။ အားပေးစကား၊ ချီးကျူးစကားကို အများကြားထဲ၌ မှချပြောကြားပေးရမည်။ သို့ဖြင့် မူလအရှက်အကြောက်တို့လည်း ပြေပျောက်သွားစေပြီး အားတက်အားရှိလာပါလိမ့်မည်။ သင်ယူလိုစိတ်များလည်း ထက်သန်လာပြီး သင်ယူလိုသောဆန္ဒလည်း တဖွားဖွား ပေါ်ပေါက်လာပါလိမ့်မည်။)

**လုပ်အားများ ပေးလှူခြင်း**

စာမတတ်သူအား စာတတ်မြောက်သည်အထိ သင်ယူမှုဆက်တိုက်ပြုလုပ်သွားနိုင်အောင် ပြုလုပ်ဖြစ်အောင် ထိုသူ့အတွက် လိုအပ်မည့်လုပ်အားမျိုးကို ကူညီပံ့ပိုးပေးနိုင်ရပါမည်။ (ဆိုက်ကားနင်းသူကို စာတတ်မြောက်ရေးသင်တန်းတက်နေချိန်၌ ထိုလုပ်ငန်းကို ကူညီဆောင်ရွက်ပေးခြင်း၊ နွားစာမြက်စဉ်းနေရသူကို စာသင်ချိန်၌ နွားစာမြက်ကူညီစဉ်းပေးထားခြင်း၊ စာသင်ယူနေသူ၏ ကလေးငယ်ကို ကူညီထိန်းသိမ်းပေးထားခြင်း စသည် စသည်တို့၌ စာသင်ယူသူတို့ နောက်ဆံမတင်းရလေအောင်၊ စာသင်ယူချိန်၌ စာသင်ယူဖြစ်သွားရလေအောင်၊ ကြံဆောင်ကူညီထောက်ပံ့ ပံ့ပိုးမှုများပြုလုပ်ပေးခြင်းဖြင့် လုပ်အားအလှူပေးခြင်း အမှုကိုလည်း ပြုလုပ်ပေးနိုင်ရန် စာတတ်မြောက်ရေးလှုပ်ရှားမှုက တစ်ပါတည်းစည်းရုံးဆောင်ရွက်သွားရပါသည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် စာမတတ်သူအား စာတတ်သူကစာတတ်မြောက်လာအောင် သင်ကြားမှုဖြင့် ကူညီခြင်း၊ စာမတတ်သူစာတတ်မြောက်လာစေရန် လိုအပ်သည့်ပံ့ပိုးမှုအမျိုးမျိုး (လုပ်အားများပေးကူညီခြင်းအပါအဝင်)တို့ဖြင့်၊ ပံ့ပိုးကူညီခြင်းတို့ဖြင့် ဆောင်ရွက်ပေးပါက စာမတတ်သူများ စာတတ်မြောက်လာသူများအဖြစ် မုချဖြစ်ထွန်းပေါ်ထွက်လာမည့် ရလဒ်ကောင်းများ အမှန်ရရှိလာပါလိမ့်မည်။

**"စာမတတ်သူ တို့ဝိုင်းကူ၊ ပညာဒါန ပေးလှူကြ"** ဟူသော ဆောင်ပုဒ်ကို ဆောင်ပုဒ်အဖြစ်မှသည် လက်တွေ့ကျကျလုပ်ဆောင်သော လုပ်ငန်းရပ်အဖြစ်သို့ မဖြစ်မနေ၊ မရမနေဆောင်ရွက်ဖြစ်အောင် ကျွန်ုပ်တို့အားလုံး၊ စာမတတ်သူရော စာတတ်သူတို့ပါ **"လူတိုင်းစာတတ်မြောက်ရေး၊ လူတိုင်းအရေး"** အဖြစ် အမျိုးသားရေးအသိ၊ အမျိုးသားရေးအမြင်၊ အမျိုးသားရေးသဘောထား၊ အမျိုးသားရေးတာဝန်၊ သမိုင်းပေးမွန်မြတ်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် အားသွန်ခွန်စိုက်ကြိုးကြိုးကုတ်ကုတ်အားထည့်အားထုတ်ဆောင်ရွက်ကြရန် အမှန်တကယ်လိုအပ်ပါကြောင်းနှင့် တကယ်လုပ်က အဟုတ်ဖြစ်နိုင်ပါကြောင်း ဆွေးနွေးတင်ပြလိုက်ရပါသတည်း။

ဤဆွေးနွေးတင်ပြချက်ကို အောက်ဖော်ပြပါ ကဗျာနှစ်ပုဒ်ဖြင့် အဆုံးသတ်လိုက်ပါသည်။

**နေ့ညအလှ**

ရှင်နေမင်းမှာ၊ အလင်းဖြာသည်
နေ့ခါထွန်းပ နေ့အလှ။
ငွေလမင်းမှာ၊ အလင်းဖြာသည်
ညအခါဝင်းပ ညအလှ။
စာတတ်စာဖတ်၊ အလင်းဓာတ်ကား
ထူးမြတ်လှစွာ၊ ဉာဏ်ရောင်ဖြာ၍
နေ့ခါညခါ၊ ထွန်းလင်းသာသည်
ရင်မှာရွှန်းမြ၊ နေ့ညအလှ။

မင်းယုဝေ

**အလင်းတိုင်ကို ကိုင်ကြစို့**

သူတို့ဘဝ၊ အမှောင်ကျလည်း
ကျမှန်းမသိ ငုံးတိတိ။
သူတို့အဖြစ်၊ မှောင်ညစ်ညစ်လည်း
ညစ်မှန်းမသိ ကန်းလေဘိ။
အမှန်းမသိ၊ ကန်းလေဘိ၍
လမ်းမသိနိုင်၊ မှောင်ထဲငိုင်စဉ်
အလင်းတိုင်တစ်ခု၊ မြင်လိုက်မှုကြောင့်
အလှအယက်၊ ဝမ်းမြောက်လက်နှင့်
နှစ်သက်လှစွာ၊ ကိုင်စွဲလာပြီ
ခွာလော့ရှဲလော့အမှောင်ထု

တင်မိုး

# လမ်းပြဦးဆောင်စာဂုဏ်ရောင်

(ပါဒ၊ အချ၊ အချီ၊ သုံးချက်ညီ)

ပိုဒ်စုံရတု

ဖော်ညွှန်းဆင်ရာ၊ မော်ကွန်းစာတည့်၊ သာသည့်ဘုံနန်း၊ နေနိုင်စွမ်းရန်၊ ကြိုးပမ်းထုထောင်၊ လမ်းပြဆောင်၍ ရောင်ခြည်ထိန်လင်း၊ အမှောင်ခွင်းပြီး၊ ရိုင်းပင်းငဲ့ညာ၊ စေတနာနှင့်၊ စာပေတတ်မြောက်၊ လမ်းမှန်ရောက်အောင်၊ တစ်ယောက်မကျန်၊ စာတတ်ရန်ဟု၊ ခိုင်သန်လေးနက်၊ ခံယူချက်ဖြင့်၊ တွဲလက်ညီတူ၊ လုပ်အားလှူ၍၊ လူတိုင်း စာတတ်၊ စာပေဖတ်ပြီ၊ မှတ်ဖွယ်မှတ်ရာ၊ နည်းပညာတို့စာပေထဲမှ၊ ရှာဖွေရကာ၊ လောကဝန်းကျင်၊ အလှဆင်ရင်း၊ ဂုဏ်အင်ပွားတိုး၊ အသိန္ဒိုးလျက်၊ ကောင်းကျိုးဆောင်နိုင်၊ စွမ်းအားခိုင်မို့၊ နိုင်ငံသစ်ရွှန်း၊ တစ်ခေတ်ထွန်းသည်၊ မော်ကွန်းတင်စာ တည်စေသောဝ်။

မော်ကွန်းတင်စာ၊ ဖော်ညွှန်းရာတည့်၊ စာပေဖတ်ရှု၊ လေ့လာမှုဖြင့်၊ သုတပွားကြွယ်၊ သိကြားလွယ်မို့၊ စွယ်စုံပြည့်ဝ၊ နှလုံးလှကာ၊ ဘဝသစ်လွင်၊ ကောင်းကျိုးဆင်လျက်၊ မြော်မြင်နှိုင်းချင့်၊ စွမ်းရည်မြင့်သည်၊ ကိုယ်ကျင့်ကောင်းမွန်၊ ကျရာဝန်၌၊ အားသွန်ကြိုးပမ်း၊ ရွက်ဆောင်ထမ်းကာ၊ စွမ်းစွမ်းတမံ၊ ဖွဲ့ခိုင်သန်သည့်၊ လျင်မြန်သွက်လက်၊ ဉာဏ်ရည်ထက်သည်၊ စွဲမက်မွေ့လျော်၊ စာဖတ်ပျော်၍၊ တွေးခေါ်ကြံဆ၊ မြင့်မြတ်လှစွာ၊ လမ်းပြဦးဆောင်၊ စာဂုဏ်ရောင်နှင့်၊ အောင်ပန်းဆွတ်ခူး၊ အောင်သံကျူးလျက်၊ ဆုထူးအောင်နိုင်၊ အောင်ပွဲမြိုင်မို့၊ ပိုင်တည်စံညွှန်း၊ စာမော်ကွန်းသည်၊ ပေါ်ထွန်းလက်ာ၊ စီစေသောဝ်။

ပေါ်ထွန်းလက်ာ၊ မော်ကွန်းစာတည့်၊ ပညာတည်စွဲ၊ အနေရဲပြီ၊ ပွဲလယ်တင့်ကာ၊ ခွင့်ကောင်းခါမို့၊ စာပေတတ်ကျွမ်း၊ ပညာပန်းကို၊ ဆင်မြန်းကိုယ်စီ၊ စွမ်းဆောင်ရည်ဖြင့်၊ ခေတ်မီဖွံ့ဖြိုး၊ စည်းစိမ်တိုးအောင်၊ ကိုးစားသည့် ဉာဏ်၊ နိုးကြားမာန်နှင့်၊ ခိုင်သန်သည့် အား၊ ဆင့်ယူပွားကာ၊ ရိုးသားသည့်မူ၊ ထုံနည်းဟူ၍၊ လူမှုကောင်းကျိုး၊ ဆောင်သယ်ပိုးသည်၊ မျိုးရိုးသိက္ခာ၊ ဘုန်းသမ္ဘာနှင့်၊ ဇာတိပုည၊ ဂုဏ်မာနလျှင်၊ တောက်ပထင်ပေါ်၊ ဇမ္ဗူကျော်မို့၊ မော်မော်ကြွားကြွား၊ မြန်မာများဟု၊ ခန့်ညားထည်ဝါ၊ ဤကမ္ဘာ၌၊ မြန်မာဦးစွန်း၊ တင့်တင့်ရွှန်းသည်၊ ဖော်ညွှန်းဆင်ရာ ပီစေသောဝ်။

**(စာတတ်မြောက်ရေးနေ့အထိမ်းအမှတ်ဂုဏ်ပြုလျက်)**

**ရေနံ့သာမောင်ကျော်ညွှန့်**

# အော်တိုတယ်လီဖုန်း မိုးနဲမြို့နယ်၌ တပ်ဆင်

**မိုးနဲ စက်တင်ဘာ ၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကလိုင်း ၂၀၀ ပါ KY-1000 XM အမျိုးအစားအော်တိုအိတ်ချိန်းအသစ်ကို ဇူလိုင်လ ပထမပတ်ကစတင်၍ ၀၈၁-၂၈၂၀ နံပါတ်များဖြင့်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

တယ်လီဖုန်းတစ်လုံးလျှင်ငွေကျပ် ၃၂၅၀၀၀ နှုန်းနှင့်အထိုင်ဖုန်း တစ်လုံးကြိုး ၁၀၀ မီတာပါရှိသော တယ်လီဖုန်းငှားရမ်းတပ်ဆင်အသုံးပြုသူများအတွက်လည်း One Stop Shop စနစ်ဖြင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တယ်လီဖုန်းပြောဆိုဆက်သွယ်မှုအပြင် ဖက်(စ်)ပါ အသုံးပြုဆောင်ရွက်နိုင်ပြီး အင်တာနက်ချိတ်ဆက်မှု (ADSL)စနစ်ကိုလည်းအသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဌာနဆိုင်ရာလုပ်ငန်းများ၊ လုပ်ငန်းရှင်များအတွက် များစွာအဆင်ပြေစေမည်ဖြစ်သည်။ စက်တင်ဘာ ၄ ရက်အထိတယ်လီဖုန်း ၆၂ လုံးကိုချိတ်ဆက်အသုံးပြုနေပြီဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မုံရွာမြို့တွင် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေအမှတ်အထက်သို့ ဒုတိယအကြိမ် ထပ်မံရောက်ရှိ



**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၌ ဩဂုတ်လကုန်က နေရာကွက်ပြီး မိုးကြီးခဲ့ရာ ချင်းတွင်းမြစ်ရေ ပြန်လည်မြင့်တက်လာပြီး မုံရွာမြို့၌ စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီက မြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာအထက် ကျော်လွန်ပြီး ၁၀၃၈ သို့ရောက်ရှိခဲ့သည်။

ထိုကဲ့သို့ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့၌ စိုးရိမ်ရေမှတ်အထက် ဒုတိယအကြိမ် ကျော်လွန်ခဲ့မှုကြောင့် ရေဘေးကာကွယ်ရေးနှင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ရေယာဉ်များ အသင့်ထားရှိခြင်း၊ သဲအိတ်များစုဆောင်းခြင်း၊ ရေကင်းများချပြီး စောင့်ကြည့်ခြင်း ဆောင်ရွက်လျက်ရှိသည်။

ရေဘေးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ချင်းတွင်းမြစ်ရေက အခုအကြိမ်နဲ့ဆို စိုးရိမ်ရေအမှတ်အထက်ကျော်တာ နှစ်ကြိမ်ရှိပြီ၊ ချင်းတွင်း အထက်ပိုင်းမြို့တွေဖြစ်တဲ့ မော်လိုက်၊ ဖောင်းပြင်မြို့တွေမှာ ရေကဆက်တက်နေတော့ အဲဒီရေတွေဆင်းလာရင် နောက်ထပ်ရေတက်လာမယ့် အခြေအနေရှိတယ်။ ဒါကြောင့် ရေဘေးကာကွယ်ရေးအတွက် ရေကင်းစောင့်တာတွေကို စက်တင်ဘာ ၄ ရက်ကတည်းက စတင်လုပ်ဆောင်နေပါတယ်။ သဲအိတ်တွေစုဆောင်းပြီး စိတ်မချရတဲ့ နေရာတွေမှာ ချထားတယ်။ ဒါ့အပြင် မုံရွာမြို့တောင်ဘက်ပိုင်းမှာရှိတဲ့ မုံရွာ-အမြင့် ကားလမ်း အနောက်ဘက်ခြမ်းမှာရှိတဲ့ မြစ်ရေ ဝင်ရောက်နိုင်မယ့် ကျေးရွာပေါင်း ၄၀ ကျော်ကိုလည်း သတိပေးချက်တွေ ထုတ်ပြန်ထားတယ်။ သဘာဝဘေးကို ကြိုတင်ကာကွယ်ထားတော့ ထိခိုက်ဆုံးရှုံးမှုတွေ နည်းသွားမှာပါ" ဟု ပြောကြားခဲ့သည်။

မုံရွာမြို့ပေါ်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရေစိမ့်ဝင်နိုင်သည့် နေရာများ၌ ခရိုင်နှင့်မြို့နယ်တို့မှ စီမံခန့်ခွဲမှုတာဝန်ရှိသူများသည် မုံရွာမြို့နယ်တောင်ပိုင်း သစ်ဆိမ့်ကျေးရွာမှမြို့နယ်မြောက်ပိုင်း မရိုးတောကျေးရွာအထိ ရေကင်း ၂၄ ခုဖြင့် စောင့်ကြပ်လျက်ရှိကြောင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် ရေယာဉ်သုံးစင်းကို အသင့်စီစဉ်ထားကြောင်းလည်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရခိုင်ဒေသ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့ရေးပစ္စည်းများကို သင်္ဘောဖြင့် ဒုတိယအကြိမ်တင်ပို့

**ရန်ကုန် စက်တင်ဘာ ၇**

ရခိုင်ပြည်နယ် မြောက်ဦး၊ ကျောက်တော် ရေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်ရေးအတွက် CB-KMA Foundation နှင့်ပူးပေါင်း၍ KMA Shipping Co.,Ltd. နှင့် Family Win Ltd. တို့မှ တန် ၁၀၀၀ ဆံ့ MV အမရာ(၇)သင်္ဘောဖြင့် ရန်ကုန် ရွှေပြည်သာရှိ Shwe Me Logistics Services Teminal မှ ရခိုင်ပြည်နယ်သို့ စက်တင်ဘာလ ပထမပတ်က ဒုတိယအကြိမ် ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

၎င်းတန် ၁၀၀၀ ဆံ့ MV အမရာ (၇)သင်္ဘောတွင် CB-KMA Foundation မှ လှူဒါန်းသောဆန်နှင့်အစားအသောက်မျိုးစုံ၊ ဓာတ်ဆားနှင့်ဆေးဝါးမျိုးစုံ၊ ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များ၊ စောင်နှင့်အဝတ်အထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ညရေးညတာတွင် အသုံးပြုနိုင်ရန် လက်နှိပ်ဓာတ်မီးများအစရှိသည့် လိုအပ်သော အသုံးအဆောင်ပစ္စည်းများ၊ Alpine ကုမ္ပဏီလီမိတက်က လှူဒါန်းသောသောက်ရေသန့်များနှင့်အလှူရှင်များက တစ်ဆင့်လှူဒါန်းထားသော ပစ္စည်းမျိုးစုံနှင့် CB-KMA Foundation မှ အထူးလိုအပ်လျက်ရှိသောကျောင်းသားကျောင်းသူများအတွက် ခဲတံနှင့်ဗလာစာအုပ်များလည်း ပါဝင်လှူဒါန်းထားသည်။

CB -KMA Foundation သည် ရေဘေးသင့်ဒေသများအား ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ပစ္စည်းများကူညီထောက်ပံ့ပေးနိုင်ရန် CB Bank, KMA Foundation , CB Insurance နှင့် GMA Airline တို့ ပူးပေါင်းပါဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ရခိုင်ပြည်နယ်မြောက်ဦး၊ ကျောက်တော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဓိကထား၍ အကူအညီပေးသွားမည်ဖြစ်သည်။ စေတနာရှင် အလှူရှင်များအနေဖြင့် ကျောင်းသုံးဖတ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ ပညာရေးဆိုင်ရာ သင်ထောက်ကူပစ္စည်းများ၊ သန့်ရှင်းသော သောက်သုံးရေရရှိရန်အတွက် အထောက်အကူပြု စက်ကိရိယာပစ္စည်းများကိုလည်း ကူညီလှူဒါန်းနိုင်ကြောင်းနှင့် အလှူရှင်များအနေဖြင့်လည်း တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံ ပလာဇာရှိ CB -KMA Foundation ရုံးနှင့် CB Bank ၏ရန်ကုန်ဘဏ်ခွဲများသို့ အလှူငွေများအား လူကိုယ်တိုင် ဖြစ်စေ၊ ဘဏ်စာရင်း(A/C No.0016100500003409 )သို့ ထည့်သွင်းပေးခြင်းဖြစ်စေ၊ CB Bank ၏Mobile Banking Service မှဖြစ်စေပေးပို့လှူဒါန်းနိုင်ကြောင်းသိရသည်။ အသေးစိတ် သိရှိလိုပါက ဖုန်း-၀၉-၇၃၉၀၂၄၈၇၊ ၀၉-၇၉၅၉၃၇၄၉၇၊ ၀၉-၅၀၈၉၁၈၅၊ ၀၉-၅၁၅၄၉၆၃ ၀၉-၂၆၂၁၀၈၇၀၈၊ ၀၉-၂၆၂၁၀၈၇၀၉၊ ၀၉-၂၆၂၁၀၈၇၁၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**



# ရေစကြိုမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများ ဒုတိယအကြိမ် မြစ်ရေဝင်

**ရေစကြို စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်အချို့နှင့် ကျေးရွာများအတွင်း ဒုတိယအကြိမ် ရေများဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ရေစကြိုမြို့၏ စိုးရိမ်ရေအမှတ်မှာ ၂၈ ဒသမ ၇ ပေဖြစ်ပြီး စက်တင်ဘာ ၆ ရက်တွင် ၂၉ ပေကျော်ထိရှိနေသည့်အတွက် အမှတ်(၁) ထင်တန်းရပ်ကွက်၊ သုခဝတီရပ်ကွက်၊ အမှတ် (၈) စိတ္တသုခတောင်ပိုင်း၊ လေးရာပြည့်၊ ဇေယျဝတီ ရပ်ကွက်၊ အမှတ်(၄) စပါယ်ရုံရပ်ကွက်များနှင့် ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြား ကျေးရွာများအတွင်း မြစ်ရေများ ဝင်ရောက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက်များမှ ရေဝင်အိမ်ထောင်စုများအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အချိန်နှင့် တစ်ပြေးညီရေလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရှိရသည်။

"အရင်တစ်ခါ ရေပြန်ကျသွားလို့ ရွှံ့နွံတွေတောင် မခြောက်သေးဘူး။ ယခုတစ်ခါ ရေကထပ်ဝင်လာတော့ ရေလွတ်ရာ ထပ်ပြီး ပြောင်းရပြန်တယ်။ ဒုက္ခတွေ အရမ်းများတယ်"ဟု လေးရာပြည့်ရပ်ကွက်မှ ပြည်သူများက ပြောသည်။

**ဖေထွန်းဇော်(ရေစကြို)**

# အဖျောက်မြို့ ရေဘေးသင့် မူလတန်းကျောင်းသို့ ကျောင်းသုံးပစ္စည်းနှင့်အလှူငွေများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်မြို့ ကျုံကသင်းကျေးရွာအုပ်စုရှိ ရေဘေးသင့်ဒဏ်ခံရသော အိုင်တနီးကျေးရွာ မူလတန်းကျောင်းမှ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ ကျောင်းဝတ်စုံများနှင့် အလှူငွေများ၊ စုပေါင်းပေးအပ်ပွဲကို အဆိုပါကျောင်း၌ စက်တင်ဘာ ၅ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ သိန်းခန့်နှင့် ကျောင်းပြုပြင်ရန်အတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို သပြေညိုပညာဒါန အကျိုးဆောင်အသင်းဥက္ကဌ ဦးတင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ပေးအပ်လှူဒါန်းရာ တိုက်ကြီးမြို့နယ် ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးသန်းအေးနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြသည်။

**ခင်ဇော်(မင်္ဂလာ)**



# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေကို စက်တင်ဘာ ၈ ရက်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့ အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေနစ်မြုပ် လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေး လယ်ယာသုံးစက်ကိရိယာများ ပြုပြင်ဆောင်ရွက်

**ရေကြည် စက်တင်ဘာ ၇**

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်း-လေးမျက်နှာ-အိုင်သပြု ကားလမ်းမဘေးရှိ မယင်းကူးကျေးရွာနှင့် ကြံလဟာကွင်း ကျေးရွာတို့တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန စက်ပြင်အဖွဲ့နှင့် မြောင်းမြခရိုင် အလတ်စားစက်ပြင်အဖွဲ့တို့ ပူးပေါင်း၍ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာလဆန်းအထိ ရက်သတ္တနှစ်ပတ်ခန့် ရေဝင်နစ်မြုပ်ပျက်စီးခဲ့သော မိုးစပါးစိုက်ဧက လယ်ယာမြေများ ပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာလုပ်ငန်းသုံး ထွန်စက်အကြီး/ လက်တွန်းထွန်စက်/ ရေတင်စက်/ ရေစုပ်စက်များ အစရှိသည့် စက်ကိရိယာများကို ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ဩဂုတ်လ ဒုတိယပတ်အတွင်း ငဝန်မြစ်ရေကြီးမြင့်မှုကြောင့် ဒါးကချောင်းမှ ရေလျှံလှည့်လည်ဝင်ရောက်ခဲ့ပြီး အထက်ပါ ကျေးရွာများရှိ မိုးစပါးလယ်မြေအချို့ ရေဝင်နစ်မြုပ်ပျက်စီးခဲ့ရသဖြင့် လယ်ယာမြေများအချိန်မီပြန်လည်ထူထောင်စိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

# ရရှိသည့်စာရင်းဇယားများအပေါ်မူတည်၍ မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၇**

ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က ပထမအကြိမ် အစည်းအဝေးသို့တက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအား အကဲဖြတ်ပုံစံများကို ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း၊ ထိုပုံစံများပြန်လည်စုစည်း၍ ပြန်လည်ထူထောင်ရေး စီမံချက်များကို တိကျစွာရေးဆွဲပြီး ပြန်လည်အကောင်အထည်ဖော်ရေး အစီအမံများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖြန့်ဖြူးထားသည့်ပုံစံများကို တိကျစွာပြန်လည်ပေးအပ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ရရှိသည့်ပုံစံများရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးခဲ့မှုများနှင့်ပတ်သက်၍ ဦးစားပေးအဆင့်အတန်းခွဲကာ ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြည်တွင်းပြည်ပ အလှူငွေများကို အချိုးကျမှန်ကန်စွာ အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ အကဲဖြတ်ပုံစံများကို အနီးစပ်ဆုံးပြန်လည်ပေးနိုင်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးအပ်ရန် ကျန်ရှိမည်ဆိုပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာနှောင့်နှေးနိုင်ပါကြောင်း၊ စာရင်းဇယားများ မတိကျမသေချာပါက ဦးစားပေးအစီအစဉ်များ လွဲချော်နိုင်ပါကြောင်း။

ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဆက်သွယ်ဆောင်ရွက်မှုများရှိလာပြီး ဘေးအန္တရာယ်တွေ့ကြုံခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုအနေအထား၊ ပြန်လည်ထူထောင်ရေးဆောင်ရွက်မည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရရှိသည့်စာရင်းဇယားများအပေါ်မူတည်၍ မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာရင်းဇယားများ တိကျမှန်ကန်မှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထိရောက်စွာ ကူညီဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်စရာရှိသည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ တာဝန်ရှိသူများ အနေဖြင့် မိမိတို့ဒေသများအတွင်း တွေ့ကြုံခဲ့ရသည်များနှင့် စာရင်းဇယားများကို တိကျစွာရှင်းလင်းကြရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**




ထို့နောက် ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က သဘာဝဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ အဖွဲ့ဝင် ဒုတိယဝန်ကြီး ဦးသန့်ကျော်က ပြည်ပအကူအညီများနှင့်ပတ်သက်၍ မှန်ကန်ထိရောက်စွာ စီမံခန့်ခွဲသွားမည့်အစီအမံများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ် စိုးဝင်းက ဘေးသင့်ဒေသရှိ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်က ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က ဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာဇော်ဦးက ပြန်လည်ထူထောင်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**



## ညောင်တုန်းမြို့နယ် စံကင်းကျွန်းမှ ရေနစ်မြုပ်လယ်မြေများပြန်ပေါ်လာ ပြန်လည်စိုက်ပျိုးရေး တောင်သူလယ်သမားများ ပြင်ဆင်

**ညောင်တုန်း စက်တင်ဘာ ၇**

ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေနှင့် ပန်းလှိုင်မြစ်ရေပြန်လည်ကျဆင်းချိန်တွင် စံကင်းကျွန်းမှ ကွင်းရေများမြင့်တက်ခဲ့ပြီး ရေနစ်မြုပ်ခဲ့သောလယ်မြေများ ပြန်လည်ပေါ်ထွန်းလာပြီဖြစ်သော်လည်း အချိန်ကြာမြင့်စွာ ရေနစ်မြုပ်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုရှိခဲ့သည်။

ပြန်လည် ပေါ်ထွန်းလာသော လယ်မြေများကို ပြန်လည်စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အနေနဲ့ကတော့ ရေနစ်မြုပ်ခံလယ်မြေတွေကို မဖြစ်မနေ ပြန်လည်စိုက်ပျိုးသွားမှာပါ။ မျိုးစပါး အခက်အခဲရှိနေပေမယ့် ဖြစ်အောင် ရှာဖွေစိုက်ပျိုးကြရမှာပါ" ဟု စံကင်းကျွန်းမှ တောင်သူတစ်ဦးက ပြောသည်။

စံကင်းကျွန်း ကုန်းမြင့်ပိုင်းမှ လယ်မြေများမှာမူ ရေကာတာများ ကျိုးပေါက်ခြင်း မရှိသဖြင့် ပျက်စီးဆုံးရှုံးမှု ကင်းဝေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ညောင်တုန်းမြို့နယ် တစ်နယ်လုံး၌ ရေကြီးနစ်မြုပ်ခဲ့မှုကြောင့် ဧက ၁၀၀၀၀ နီးပါး ရေနစ်မြုပ်ခဲ့သော်လည်း အချို့မှာနစ်မြုပ်ချိန် မကြာမြင့်သဖြင့် ပျက်စီးမှုနည်းပါးခဲ့ပြီး ရေနစ်မြုပ်ပျက်စီးခဲ့သော လယ်မြေများကိုလည်း အချိန်မီပြန်လည် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

## မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် ကွင်းဆင်းဆောင်ရွက်

**မင်းလှ စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်၌ ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးသွားသော လယ်မြေ ၁၃၂၄၆ ဧက၌ မိုးစပါးအချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဒုတိယဦးစီးမှူး ဦးမြင့်လွင်နှင့်အဖွဲ့က တောင်သူများကို မိုးစပါးများ အချိန်မီရရှိရေး၊ နှံ့ပျိုး၊ အရန်ပျိုးများဖြင့် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကွင်းဆင်းစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ ရက်က အင်းဘုတ်ကုန်းကျေးရွာရှိ တောင်သူ ဦးခင်မောင်ဝင်း၏ လယ်မြေ ၁၀ ဧက၌ ဆင်းသုခအရန်ပျိုး လေးဧက၊ နှံ့ပျိုးခြောက်ဧက စိုက်ပျိုးဆောင်ရွက်ခဲ့သည်။

ဘိုင်အိုစူပရင်းကုမ္ပဏီက ဇောဓိကုန်းကျေးရွာ၌ ၇၄၇ စပါးမျိုးတင်း ၃၉၀၊ ဘိုင်အိုစူပရင်း ဓာတ်မြေဩဇာ အိတ် ၃၉၀၊ ရွှေဂဏန်းလူးနယ်ဆေး ၆၅ ဘူးတို့ကို လှူဒါန်းပေးခြင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ရက် ၈၀ စပါးနှင့် ရက် ၉၀ စပါးများကို အချိန်မီဖြန့်ဖြူးပေးလျက်ရှိခြင်းနှင့် ရေကျပြန်စိုက် မိုးစပါးစိုက်ခင်းများ၌ ရောဂါပိုးမွှားများ ကြိုတင်ကာကွယ် နှိမ်နင်းနည်းများကို ပညာပေးကွင်းဆင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပေါက်စ(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံအတွင်းဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လ်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများသို့ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၇ ရက်တွင် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ရုံး ပေကျင်းမြို့ရှိ အရာရှိစစ်သည်နှင့် မိသားစုများက အမေရိကန်ဒေါ်လာ ၅၀၀၊ အာဆီယံစစ်သံရုံးကုမ္ပဏီများက တရုတ်ယွမ် ၆၁၇၀၀ ကို လှူဒါန်းခဲ့ခြင်းနှင့် အလှူငွေစာရင်းအမှတ်(1DA-0300086)သို့ အမေရိကန်ဒေါ်လာ ၂၀၀၀၀ ကို တိုက်ရိုက်ထည့်သွင်း လှူဒါန်းခြင်းအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၀၅၀၀၊ တရုတ်ယွမ် ၆၁၇၀၀ ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံယူသည်။

ယနေ့တွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ငွေကျပ် ၁၇၀၀၀၀ ကို လက်ခံရရှိသည့်အတွက် ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၇ ရက်အထိ အလှူရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၁၀၃၆၅၈၇၄၃၊ အမေရိကန်ဒေါ်လာ ၁၂၈၀၅၈၂ ဒသမ ၂၆၊ ထိုင်းဘတ် ၁၆၈၀၅၅၊ မလေးရှားရင်းဂစ် ၂၀၀၀၊ တရုတ်ယွမ် ၇၅၃၀၀၊ ယူရို ၄၂၀၊ ဂျပန်ယန်း ၂၉၆၀၀၀၊ သြစတြေးလျဒေါ်လာ ၅၇၀၊ စင်ကာပူဒေါ်လာ ၁၀၀၀ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလှူငွေနှင့် ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ဒေသများသို့ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

**နေပြည်တော် စက်တင်ဘာ ၇**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေဘေးသင့်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး ဗဟိုဌာန ဖွင့်လှစ်၍ ကြီးကြပ်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့ (Rapid Response Team) များ ပူးပေါင်းကာ ရေဘေးသင့်ဒေသများရှိ ရပ်ကွက်များ၊ ကျေးရွာများ၊ ယာယီကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ ဆေးကုသမှုပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီးစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မီးသတ်တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့နှင့် ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများနှင့် အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရေဘေးကျရောက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ စက်တင်ဘာ ၆ ရက်အထိ ကူးစက်ရောဂါများ ကပ်အသွင်ဖြစ်ပွားမှုမရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေ မြစ်ကြောင်းတစ်လျှောက်ရှိ မြို့များ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ခဲ့ရာ မြစ်ကြောင်းတစ်လျှောက်ရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်းနှင့်မုံရွာမြို့များတွင် ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်နှင့် မော်လိုက်မြို့များတွင် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

























# ငဝန်မြစ်ရေ ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် ငဝန်မြစ်ရေမြင့်တက်လျက်ရှိရာ ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ အဆိုပါမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်ကျော်လွန်လျက်ရှိပြီး နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့် ဖော်ပြထားရှိသည်။

(သတင်းစဉ်)

# မိုးကြီးနိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ

**နေပြည်တော် စက်တင်ဘာ ၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ စက်တင်ဘာ ၈ ရက်တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်း ပို့ဆောင်ထောက်ပံ့

**နေပြည်တော် စက်တင်ဘာ ၇**

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ထိုသို့ ပေးပို့လျက်ရှိရာ ယနေ့တွင် မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းမှ လေယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ခေါက်ရေနှစ်ခေါက်ဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သော အဝတ်အထည်၊ စားသောက်ကုန်၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ဆေးမျိုးစုံတို့ကို ပေးပို့ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ဟားခါးမြို့ ကယ်ဆယ်ရေးစခန်းများရှိ သဘာဝဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**ဟားခါး စက်တင်ဘာ ၇**

၂၀၁၅ ခုနှစ်၊ ဇွန်၊ ဇူလိုင်လကုန်ရက်များအတွင်း ချင်းပြည်နယ် ဟားခါးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူနေအိမ်များ၊ လမ်း၊ တံတားများ ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့ကာ ဟားခါးမြို့ပေါ်ရှိ ရပ်ကွက်အချို့နေပြည်သူများ သဘာဝဘေးသင့်ခဲ့ကြရာ ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းခြောက်ခု ဖွင့်လှစ်၍ ကူညီစောင့်ရှောက်ပေးလျက်ရှိသည်။

ယင်းကယ်ဆယ်ရေးစခန်းခြောက်ခုဖြစ်သည့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ခိုင်ကမ်းအားကစားရုံ၊ ကာဆင်နှစ်ခြင်းဘုရားကျောင်း၊ ဗေသလနှစ်ခြင်းဘုရားကျောင်း၊ BCM ဘုရားကျောင်းနှင့် ချင်းခရစ်ယာန်ဓမ္မတက္ကသိုလ်များရှိ သဘာဝဘေးသင့်ပြည်သူများအား ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာ/မများနှင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦးစီဖြင့် နေ့နှင့်ညတာဝန်ချထား၍ ဆရာဝန်များကိုယ်တိုင် လှည့်လည်ကြီးကြပ်ကြကာ ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ရေဘေးသင့်ပြည်သူများအား အစားအစာနှင့် အဝတ်အထည်များလှူဒါန်း

**မအူပင် စက်တင်ဘာ ၇**

ရန်ကုန်မြို့ အလုံမြို့နယ် 'သံဝေဂ' အခမဲ့နာရေးဝန်ဆောင်မှုအဖွဲ့မှ အဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်ထွန်းနှင့် မမြတ်စိုးထိုက်တို့ ပါဝင်သော ပရဟိတအဖွဲ့သည် အလှူရှင် လုပ်အားဒါနရှင်များနှင့် ပူးပေါင်း၍ စက်တင်ဘာ ၆ ရက်က မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းရှိ ကညင်ကောက်လေးကျေးရွာရှိ စိတ္တသုခဘုန်းတော်ကြီးကျောင်းနှင့်ရေဘေးသင့်အိမ်ထောင်စု ၁၉၅ စုအတွက် လိုအပ်သော ဆန်၊ ရေသန့်၊ အဝတ်အထည်နှင့် ခေါက်ဆွဲခြောက်များ သွားရောက်လှူဒါန်းခဲ့ကြရာ ကညင်ကောက်လေးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး ဦးဝင်းနိုင်ထွန်းနှင့် ရပ်ရွာအကျိုးဆောင် ဦးငွေးလွင်တို့က လက်ခံခဲ့သည်။ **သပြေထွန်း**



ရေဘေးသင့်ပြည်သူများအတွက် အစားအစာနှင့်အဝတ်အထည်များ ပေးအပ်နေမှုကို တွေ့ရစဉ်။

# ကျောင်းကုန်းနှင့် သာပေါင်းမြို့နယ်ဥပဒေရုံးများရှိ ရေဘေးသင့်ဥပဒေအရာရှိများနှင့်ရုံးဝန်ထမ်းများအား ပစ္စည်းနှင့်ငွေများပေးအပ်

**ပုသိမ် စက်တင်ဘာ ၇**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ် ဦးချစ်ကိုကိုနှင့် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်းရှိ ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ် ဥပဒေရုံးများ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည့်အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေဘေးသင့်ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ပြည်ထောင်စုရှေ့နေချုပ်က ကျောင်းကုန်းမြို့နယ်နှင့် သာပေါင်းမြို့နယ်ဥပဒေရုံးများရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများသည် ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အရေးကြီးသော အမှုတွဲများနှင့် စာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးမှု မရှိခဲ့ကြောင်း၊ ၎င်းတို့၏ စွမ်းဆောင်မှုအတွက် ဂုဏ်ယူပါကြောင်း ပြောကြားသည်။ ထို့နောက် ကျောင်းကုန်းမြို့နယ် ဥပဒေရုံးနှင့် သာပေါင်းမြို့နယ် ဥပဒေရုံးတို့အတွက် အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရုံးသုံးပရိဘောဂများကို ရုံးဝန်ထမ်းများအား ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** ထို့နောက် ကျောင်းကုန်းမြို့နယ် ဥပဒေရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများအားတွေ့ဆုံ၍ ရေဘေးသင့်ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများကို အားပေးစကားပြောကြားပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။ ထို့နောက် ပုသိမ်ခရိုင်ဥပဒေရုံးကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၇**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မော်လမြိုင်မြို့၌ ၄ ဒသမ ၃၈ လက်မ၊ ပူတာအိုမြို့၌ ၄ ဒသမ ၁၄ လက်မ၊ ချောင်းဆုံမြို့၌ ၃ ဒသမ ၈၉ လက်မ၊ ခန္တီးမြို့နှင့် ကလေးမြို့တို့ ၌ ၃ ဒသမ ၆၆ လက်မစီ၊ မော်လိုက်မြို့၌ ၃ ဒသမ ၁၁ လက်မ၊ ပေါင်မြို့၌ ၂ ဒသမ ၇၆ လက်မနှင့် တမူးမြို့၌ ၂ ဒသမ ၂၈ လက်မတို့ ဖြစ်ကြသည်။

**(မိုး/ဇလ)**

## ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း မုတ်သုံလေအားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**(မိုး/ဇလ)**

## ကနီမြို့နယ်တွင် ချင်းတွင်းမြစ်ရေမြင့်တက်၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများ၌ရေဝင်

**ကနီ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့ပေါ် ရပ်ကွက် နှစ်ရပ်ကွက်ရှိ အနိမ့်ပိုင်းနေရာများ၌ စက်တင်ဘာ ၆ ရက် နံနက်ပိုင်းကစ၍ မြစ်ရေများဝင်ရောက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရေဝင်ရောက်သည့် အိမ်ထောင်စုများအား အမှတ်(၁)အထကကျောင်း၊ သာသနာ့ဗိမာန်နှင့် ဓာတ်ပေါင်းစုံဘုရားဓမ္မာရုံတို့၌ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကနီမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်နှစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀ မှ ကျေးရွာစုစုပေါင်း ၆၅ ရွာရှိ အိမ်ထောင်စု ၄၀၀၀ ကျော်မှာ ရေဘေးသင့်ခဲ့ပြီး အခြေခံပညာကျောင်း ၁၆ ကျောင်းကို ယာယီပိတ်ထားရကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်းနှင့် ပြန်စိုက်ဧက

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | |
|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၃၃၈၉ | ၃၀၇၇၇ | ၁၂၇၉၁ | ၇၂၀၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၆၈ | ၄ |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၁၀၆ | ၇၄ |
| ၅။ | ချင်းပြည်နယ် | ၅၈၀၀ | ၅၈၀၀ | ၃၂၅၂ | ၃၇၂ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၈၄၆၂ | ၁၈၄၈၅၄ | ၁၂၁၄၀၉ | ၆၁၄၅၆ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၁၅၂၈၄၇ | ၈၈၄၂၆ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၆၈၄၆ | ၆၅၈၅၈ | ၁၅၃၃၉ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၈၃ | ၃၅၈၃ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၁၇၂၄၆ | ၂၁၅၇၉၂ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၇၈၄၅ | ၁၀၇၈၄၅ | ၅၆၄၈၆ | ၁၁၀၂၅ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၄၉၁ | ၁၃၃၇၃ | ၂၆၅၄ | ၄၄၆ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၁၈၅၃၉ | ၂၆၁၅၄၇ | ၂၀၉၉၇၁ | ၁၇၉၆၆ |
| | **စုစုပေါင်း** | **၁၄၇၉၄၄၀** | **၁၃၈၆၁၁၀** | **၈၄၂၇၁၆** | **၄၁၈၁၁၇** |

## ရေဘေးသင့်ပြည်သူများအတွက် အလှူပစ္စည်းများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၇**

ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ အလှူပစ္စည်းများ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဆန် ၂၅ ကီလိုဂရမ် အိတ် ၉၀ နှင့် တစ်တင်းခွဲရှစ်အိတ်၊ သက်နန်း ၅၂ စုံ၊ အဝတ်အထည် ၁၂ ထုပ် ခန့်မှန်းတန်ဖိုး ၂၁၁၈၀၀၀ နှင့် တရုတ်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ မြန်မာစစ်သံရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများက ခန့်မှန်းတန်ဖိုးငွေကျပ်နှစ်သိန်းရှိ ဆန်၊ အဝတ်အထည်၊ ဖိနပ်များ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရေဘေးသင့်ကျေးရွာများသို့ အခမဲ့နယ်လှည့်ကွင်းဆင်းကုသ

**ကန့်ဘလူ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် အခမဲ့ဆေးဝါးကုသခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အင်းမ ကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင်ကျေးရွာနေ ပြည်သူများအား သွေးလွန်တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်များ၊ ရာသီအလိုက်ဖြစ်ပွားတတ်သော ရောဂါများနှင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပညာပေးဟောပြောခြင်း၊ အင်းမ၊ ရှမ်းကုန်း၊ ပင်းတဲနှင့် ဟင်းဖြူတောကျေးရွာများမှ ရပ်ဟန်းရှင်လူပြည်သူများအား အခမဲ့ ကျန်းမာရေးစစ်ဆေးပြီး ကုသခြင်းများ ဆောင်ရွက်ခဲ့ရာ အထွေထွေလူနာ ၂၄၁ ဦး၊ အရိုးအကြောလူနာ ၅၂ ဦး၊ ကလေးလူနာ ၁၀၃ ဦး၊ သွားနှင့်ခံတွင်းလူနာခြောက်ဦး၊ သားဖွားမီးယပ်လူနာ ခုနစ်ဦး စုစုပေါင်း ၄၀၉ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

**မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃. ၉၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၀၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၁၉' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၀. ၉၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၆၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၅၀' |
| ၇။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၀. ၂၅' |
| ၈။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၀. ၂၀' |
| ၉။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၃၀' |
| ၁၀။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၁။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၉၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁၂။ | ငမြေ့ရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၃။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၀၀' |
| ၁၄။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၁၀' |
| ၁၅။ | ရေသိုးရေလှောင်တမံ | ၁၅၅၀၀ | ၀. ၁၀' |
| ၁၆။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၂၀' |
| ၁၇။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၁၀' |
| ၁၈။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၄၀' |
| ၁၉။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၈၀' |
| ၂၀။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၂၁။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၂။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၇၀' |

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၂၃။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၄၀' |
| ၂၄။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၀၀' |
| ၂၅။ | ရွှေနတ်တောင်ရေလှောင်တမံ | ၅၂၅၀ | ၀. ၄၀' |
| ၂၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၂၇။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၂၈။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၆၀' |
| ၂၉။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၅' |
| ၃၀။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၀' |
| ၃၁။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၃၀' |
| ၃၂။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၆၀' |

**(သတင်းစဉ်)**

# အသည်းကြားကမဲတစ်ပြား ပယ်မဲမဖြစ်သွားစေရေးအတွက်

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပတော့မည်ဖြစ်ရာ ရက်ပေါင်း (၆၁) ရက်သာလိုပါတော့သည်။ မဲဆန္ဒပေးပိုင်ခွင့်ရှိသူတိုင်း ဆန္ဒမဲပေးရန် အရေးကြီးသကဲ့သို့ မိမိပေးလိုက်သော မဲများသည်လည်း ပယ်မဲမဖြစ်စေရန် ပို၍ပင်အရေးကြီးပါသည်။

သို့ဖြစ်ခြင်းကြောင့် ခိုင်လုံမဲ၊ ပယ်မဲများနှင့် ပတ်သက်၍ အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် အလို့ငှာ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၆ နှင့် ၁၁တို့တွင် ဖော်ပြခဲ့သော "ပယ်မဲ မဖြစ်ရေး" ဆောင်းပါးမှ သိမှတ်ဖွယ်ရာများကို ပြန်လည်ကောက်နုတ်ဖော်ပြလိုက်ပါသည်။

လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများ



သစ်သီးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ် ----------

အမည် ---- သစ်ချော်သီး ----

နမူနာ-၇



သစ်သီးတိုင်းဒေသကြီးပြည်သူ့လွှတ်တော်
ညောင်သီးမြို့နယ်မဲဆန္ဒနယ်

(က) မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ခ) ကြိုတင်မဲပေးလိုသောကိုယ်စားလှယ်လောင်း၏အမည်တည့်တည့်လေးထောင့်အကွက်ထဲတွင်အမှန်အမှတ်အသား "✓"တံဆိပ်တုံးဖြင့် ရိုက်နှိပ်ပေးပါ။

(ဂ) ကိုယ်စားလှယ်လောင်းတစ်ဦးထက်ပို၍ မဲမပေးရပါ။

| | | |
|---|---|---|
| ဦးငှက်ပျောသီး | | |
| ဒေါ်ဖရဲသီး | | |
| ဦးပန်းသီး | | |

မဲရုံမှူးလက်မှတ် ----------

အမည် ---- သစ်ချော်သီး ----

နမူနာ-၈

အနေဖြင့် ဆန္ဒမဲပေးကြရာတွင် နမူနာ(၇)တွင် ဖော်ပြထားသည့်အတိုင်း မိမိဆန္ဒပြုလိုသော ကိုယ်စားလှယ်လောင်း၏ ညာဘက်အကွက်တွင် တံဆိပ်မနှိပ်မိဘဲ ကိုယ်စားလှယ်လောင်း၏ အမှတ်အသား၌ တံဆိပ်နှိပ်မိပါက ယင်းသည် ခိုင်လုံမဲအဖြစ် အကျုံးဝင်ပါသည်။

ထို့ပြင် မဲလက်မှတ်နမူနာ(၈) တွင် ပြသထားသည့်အတိုင်း ကိုယ်စားလှယ်လောင်း ဦးပန်းသီး၏ အကွက်တွင် တံဆိပ်နှိပ်ရာ၌ တံဆိပ်သည် ဒေါ်ဖရဲသီး၏ အကွက်အတွင်းသို့ အနည်းငယ်ရောက်ရှိသွားလျှင်လည်း တံဆိပ်၏ ဧရိယာအများစုသည် ဦးပန်းသီး၏ အကွက်အတွင်း၌သာရှိနေသဖြင့် ဦးပန်းသီးအား ဆန္ဒပြုထားသော ခိုင်လုံမဲအဖြစ် လက်ခံမည်ဖြစ်ပါသည်။









၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးရာ၌ အသုံးပြုမည့် တံဆိပ်တုံးပုံစံနမူနာ။

မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် အထူးသတိချပ်ရမည့် အကြောင်းရင်းတစ်ချက်မှာ မဲပေးရာ၌ မဲလက်မှတ်ပေါ်တွင် ပထမအကြိမ် တံဆိပ်နှိပ်လိုက်စဉ် မထင်မရှားဖြစ်(မှိန်)နေလျှင်ဖြစ်စေ၊ မိမိဆန္ဒပြုလိုသော အကွက်အတွင်းသို့ တံဆိပ်တုံးတစ်ခုလုံး မကျရောက်ခဲ့လျှင်ဖြစ်စေ တံဆိပ်တုံးကို နောက်တစ်ကြိမ်ထပ်မံမနှိပ်မိစေရန် ဂရုပြုရမည်ဖြစ်သည်။

တံဆိပ်တုံးကို တစ်ကြိမ်ထက်ပို၍ နှိပ်ထားသည့် မဲလက်မှတ်များအားလုံးသည် ပယ်မဲအဖြစ်သို့ ရောက်ရှိသွားမည်ဖြစ်ခြင်းကြောင့် သေချာဂရုစိုက်၍ တစ်ကြိမ်သာနှိပ်ကြရန် လိုအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*





## သမိုင်းမော်ကွန်းတင်ရစ်စေချင်သည်နှင့် ဥပဒေပြင်ဆင်ရေးဆိုင်ရာဆောင်းပါးများ





အပိုင်း(၁) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြင်ဆင်သည့် ဥပဒေကြမ်းများ နှိုင်းယှဉ်ချက်ဇယား၊ အပိုင်း(၂)တွင် ဥပဒေပြင်ဆင်ရေးဆိုင်ရာဆောင်းပါး ၁၃ ပုဒ်၊ အပိုင်း (၃) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး လျှို့ဝှက်ဆန္ဒမဲပေးဆုံးဖြတ်မှု အခြေအနေပြဇယားများနှင့် အပိုင်း(၄)တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးနေမှု မှတ်တမ်းဓာတ်ပုံများကို ဖော်ပြထားသည်။

စာရေးသူပြည်ချစ်သား၏ မဏ္ဍိုင်ကြီးများ ဟန်ချက်ညီ၍ ကြံ့ခိုင်စေချင်သည် (၁)တွင် "ရွေးကောက်ပွဲများတွင်လူတော်လူကောင်းတို့ကိုသာ ရွေးချယ်နိုင်ဖို့ ပြည်သူတို့က တိုင်းပြည်အပေါ်တွင် သစ္စာရှိသူနှင့်သစ္စာမဲ့သူ၊ ပြည်သူ့ဝန်ထမ်းစိတ်ရှိသော နိုင်ငံရေးသမားနှင့် ကိုယ်ကျိုးရှာသက်သက် နိုင်ငံရေးသမားတို့ကို ခွဲခြားတတ်ဖို့လိုသည်"ဟု ဖော်ပြထားရာ တာဝန်သိပြည်သူတို့သည် ဒီမိုကရေစီနိုင်ငံ၌ အဓိကမဏ္ဍိုင်ကြီးဖြစ်ကြောင်း မီးမောင်းထိုးဖော်ပြထားသည်။

## ဝတ္ထုရှည်စာတမ်းများ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိ

တက္ကသိုလ်ဘုန်းနိုင်၊ ပါရဂူ၊ ထင်လင်း၊ မောင်ထင်၊ တက္ကသိုလ်ဝင်းမွန်၊ ဂယက်နီတို့က ၁၉၇၉ ခုနှစ်၌ ဖတ်ကြားခဲ့သော ဝတ္ထုရှည်စာတမ်းများကို ယခုအခါ ဒုတိယအကြိမ် ပုံနှိပ်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုပုံနှိပ်ဖြန့်ချိရာတွင် ၂၀၀၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိသော ဝတ္ထုရှည်များကို"ဝတ္ထုရှည်အနှစ်သာရ" ခေါင်းစဉ်ဖြင့် ဦးအေးချို (မဟာဝိဇ္ဇာ )၊ မစန္ဒာ၊ ရွှေသဥ္ဇာ၊ လက်ာရည်ကျော်တို့၏ အပြုသဘောဆောင်သော ဆွေးနွေးချက်များကို ပုံနှိပ်ပြီး ပူးတွဲဖော်ပြထားသည်။





ထို့ကြောင့် မူရင်းစာတမ်းရှင်တို့၏ လက်ရာများအပြင် မျက်မှောက်ခေတ်စာရေးဆရာတို့၏ ခေတ်ပြိုင်ဝတ္ထုများအပေါ် ဝေဖန်သုံးသပ်ချက်များကိုပါ တစ်ထိုင်တည်း ဖတ်ရှုလေ့လာနိုင်ပြီ ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေဗိမာန်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။



ထိုင်းနိုင်ငံဘက်သို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာနိုင်ငံသားများကို ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတား ထိုင်းဘက်ခြမ်း၌ တွေ့ရစဉ်။ ဓာတ်ပုံ-မောင်မွေး

■ *ရှေ့ဖုံးမှ*

အလုပ်သမားများလည်း အများအပြားရှိကြောင်းသိရသည်။

ယခင်က တရားမဝင်လမ်းကြောင်းများဖြင့် သွားရောက်လုပ်ကိုင်ခဲ့သူများ ရှိသော်လည်း ပြီးခဲ့သည့်၂၀၁၄ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူ အမျိုးသား ၂၃၇၈၅ ဦးနှင့် အမျိုးသမီး ၈၀၄၃ ဦး စုစုပေါင်း ၃၁၈၂၈ ဦးအထိ ရှိလာခဲ့ကြောင်း ထိုင်း-မြန်မာနယ်စပ်ဂိတ် ချစ်ကြည်ရေးတံတားမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ ဦးလှထွန်းအေးက ပြောသည်။

ယခု ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့ အလုပ်သမားစေလွှတ်မှုမှာ ယခင်နှစ်ကထက် ပိုမိုမြင့်တက်လာပြီး ပထမခြောက်လဖြစ်သော ဇန်နဝါရီလမှ ဇွန်လအထိအမျိုးသား ၁၉၈၂၁ ဦးနှင့် အမျိုးသမီး ၁၀၇၀၇ ဦး စုစုပေါင်း ၃၀၅၂၈ ဦး ရှိလာကြောင်း သိရသည်။

ပြီးခဲ့သည့်၂၀၁၃ခုနှစ်မှ နိုဝင်ဘာ ၁၅ ရက်မှ ယခုနှစ် ဩဂုတ် ၂၈ ရက်အထိ ထိုင်းနိုင်ငံအတွင်းMoU ဖြင့် မြန်မာရွှေ့ပြောင်းအလုပ်သမားဦးရေ စုစုပေါင်း ၆၉၀၆၅ ဦး သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအတွင်း အလုပ်ချိန် ၈ နာရီအတွက် အခြေခံလစာတစ်နေ့ ဘတ်ငွေ ၃၀၀ သတ်မှတ်ထားပြီး သတ်မှတ်အလုပ်ချိန် ကျော်လွန်ပြီး လုပ်ဆောင်ပါက အချိန်ပိုကြေးရရှိကြကြောင်းသိရသည်။ သို့သော်လည်း တစ်လအတွင်း ထိုင်းဘတ်ငွေ တစ်သောင်းဝန်းကျင် (မြန်မာငွေကျပ် သုံးသိန်းခွဲကျော်) ရရှိကြသော်လည်း တချို့မှာ နေစရိတ်၊ အခြားအသုံးစရိတ်များ မြင့်မားခြင်းကြောင့် အခက်ကြုံတွေ့နေရသူများလည်းရှိကြောင်း မြဝတီနယ်စပ်မှ ဒေသခံတချို့က သုံးသပ်ပြောကြားသည်။



စက်တင်ဘာ ၇ ရက်က ဘရာဇီးနိုင်ငံ၏ (၁၉၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်လာသည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံ သံအမတ်ကြီး H.E.Mr.Alcides G.R. Prates ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)




# မြန်မာ့အလင်း မြို့နယ်သတင်းထောက်များအဖွဲ့သို့ ငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေး (၈/၂၀၁၅) ကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ နတ်မောက်လမ်းသွယ်(၁) မြန်မာ့အလင်းသတင်းစာတိုက် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ စာတည်းမှူးချုပ် ဦးအောင်နိုင်ဦးနှင့် သတင်းထောက်မှူး ဦးမောင်မောင်မြင့်ဆွေတို့ တက်ရောက်သည်။ စာတည်းမှူးချုပ်က မြို့နယ်သတင်းထောက်များအား ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ပြည်သူ့အကျိုးပြု သတင်းနှင့် သတင်းဆောင်းပါးများ မြန်ဆန်၊ မှန်ကန်၊ တိကျစွာ ရေးသားပေးပို့ကြရေး ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော တာချီလိတ် မြို့နယ်သတင်းထောက် ဦးအောင်ဖြိုးရှိန် (မောင်ယဉ်ကျေး)က အသက်(၄၆ နှစ်)ပြည့် မွေးနေ့အလှူအဖြစ် မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ ငွေကျပ်နှစ်သိန်း လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သည် အဖွဲ့ဝင်သတင်းထောက်များ၏ နာရေးနှင့် ဆေးရုံတက်ရောက်ကုသရသူများအတွက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**




# စက်တင်ဘာ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၇ ရက်၊ တနင်္လာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၇၀၀၀ မှ ၅၀၅၀၀ |
| ၂ | ဧည့်မထ/ဧရာ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၄၀၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၂၀၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၈၀၀၀ မှ ၃၀၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၈၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၄၀၀၀ မှ ၃၆၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၅၀၂၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၂၂၀ မှ ၂၃၆၅ |
| ၉ | ကြက်သွန်နီ | ဆိပ်ဖြူ၊ မြစ်သား | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၆၂၅ မှ ၁၁၀၀ |
| ၁၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၆၂၅ မှ ၂၅၇၅ |
| ၁၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၄၅၀ မှ ၃၁၅၀ |
| ၁၂ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၇၀ မှ ၆၈၀ |
| ၁၃ | မာလကာသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၀၀ မှ ၃၀၀ |
| ၁၄ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၈၀၀ |
| ၁၅ | သရက်သီး | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၄၀၀၀ |

လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။

**စက်တင်ဘာ ၅ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် အလုံ အထက(၄)၌ ကျင်းပသော ဆေးရည်စိမ်ခြင်ထောင် ပေးအပ်လှူဒါန်းပွဲနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက ခရိုင်ဥက္ကဋ္ဌထံသို့ ဆေးရည်စိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်စဉ်။**

ကျော်သူ



## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအတင့်အသင့်ရှိမည်။ **(မိုး/ဇလ)**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်၊ မြန်မာ့ရေပိုင်နက်မျဉ်း၏အပြင်ဘက်၊ သီးသန့်စီးပွားရေးဇုန်အတွင်း နိုင်ငံခြားငါးဖမ်းရေယာဉ်များအား ကျူနာငါးမျှားတန်းစနစ်ဖြင့် ငါးဖမ်းဆီးခွင့်ကို မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ၏ တာဝန်ယူမှုဖြင့် လိုင်စင်ခကို အမေရိကန်ဒေါ်လာငွေ ပေးသွင်းသည့်စနစ်ဖြင့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုသွားပါမည်။
၂။ ကျူနာငါးမျှားတန်းငါးဖန်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လိုသော နိုင်ငံသားပိုင်ကုမ္ပဏီများအနေဖြင့် ပေးဆောင်လိုသော လိုင်စင်ခနှုန်းထားကို တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။
၃။ **တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၁-၉-၂၀၁၅ရက် နံနက် ၁၀ နာရီ
၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၁-၉-၂၀၁၅ရက် နံနက် ၁၀း၃၀နာရီ
၅။ **တင်ဒါတင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်၃၆၊ပဏ္ဍိတလမ်း၊နေပြည်တော်
၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် ကျူနာငါးမျှားတန်းလုပ်ငန်း စည်းကမ်းသတ်မှတ်ချက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**ရုံးအမှတ် ၃၆၊ ပဏ္ဍိတလမ်း၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၈၅၃၀၊၀၆၇-၄၀၈၄၇၇**

**ဖခင်အမည်မှန်** သာယာဝတီခရိုင်၊ ဇီးကုန်းအထက တက္ကသိုလ်ဝင်တန်း (B) မှ မအေးအိအိမိုး၏ ဖခင်အမည်မှန်မှာ ဦးအေးလှိုင်ဖြစ်ပါသည်။

**အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ကွန်ဒို ၄၉လမ်း၊ အထက်ဘလောက်၊ အမှတ် (၅/ဘီ)နေ ဦးလှထွန်း တရားဝင် လက်ရှိလက်ရောက်ပိုင်ဆိုင်သော မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၁၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ ၀ဒသမ၀၁၃ဧကေရှိ ထားဝယ်သမဂ္ဂအသင်း အမည်ပေါက် နှစ် ၃၀ အငှားဂရန်အမှတ် (ငါး) ၁၃၃/၁၉၈၀-၈၁မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ် (၈)၊ ရတနာလမ်းကြား၊ မရမ်းကုန်းရပ်ကွက်၊ မော်လမြိုင်မြို့ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်မီတာရေပိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန်အတွက် ဦးလှထွန်းအား စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအိမ်နှင့်မြေ အရောင်းအဝယ်ပြုလုပ်ခြင်းအတွက် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ ဦးလှထွန်းထံသို့ဖြစ်စေ ခိုင်လုံသောအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၎င်းရက်ကျော်လွန်ပါက ဆက်လက်၍ အပြီးသတ်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပြည့်ဖြိုးဟိန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၄၅၀၁၂)**
**အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၄၃၀၀၅၆၀၅**

**ဦးခင်မောင်မြင့် (LL.B, H.G.P)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၂၄)**
**အမှတ် ၁၆၊ ကျိုက္ကမီလမ်း၊ ကွင်းရပ်၊**
**မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၃၃၈၆၊ ၀၉-၈၇၀၀၇၄၉**

**ဖခင်အမည်မှန်** ပုသိမ်မြို့၊ အလက (၆) ထ-ခွဲ၊ တက္ကသိုလ်ဝင်တန်း (A)မှ မနှင်းမြတ်သော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးသန့်၊ ၁၄/ပသန(နိုင်)၀၅၄၇၄၁ ဖြစ်ပါကြောင်း။ **ဦးမျိုးသန့်**

**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်ခရိုင်အတွင်းရှိ လောက်ကိုင်မြို့နယ်နှင့် ချင်းရွှေဟော်မြို့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်ထောင်စု၊ ပြည်နယ်လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းကျောက်မျိုးစုံနှင့် လုပ်ငန်းသုံးပစ္စည်းများအားလမ်းအလိုက်၊ အပိုင်းလိုက်(မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၂)(၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်)

၁။ လိုအပ်သောကျောက်မျိုးစုံ
၂။ ဘိလပ်မြေ
၃။ သဲ
၄။ သံချောင်းလုံးဆိုက်စုံ
၅။ ထင်း
၆။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၉-၂၀၁၅ရက် ညနေ ၄း၃၀နာရီ
၇။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၄-၉-၂၀၁၅ရက် နံနက် ၉း၃၀နာရီ
၈။ တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့ ဖုန်း-၀၈၂-၇၂၂၅၅
၉။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ချင်းတွင်းမြစ်ရေ ဒုတိယကြိမ် ထပ်မံမြင့်တက်လာမှုကြောင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဩဂုတ်လကုန်ပိုင်းက နေရာကွက်ပြီး မိုးကြီးခဲ့ရာ ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် ပြန်လည်မြင့်တက်လာကာ မုံရွာမြို့၌ စက်တင်ဘာ ၇ ရက် နံနက် ၁၁ နာရီတွင် မြို့၏ စိုးရိမ်ရေမှတ် ၁၀၀၀ စင်တီမီတာအထက် ကျော်လွန်ပြီး ၁၀၇၂ စင်တီမီတာသို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ချင်းတွင်းမြစ်ရေ ပထမအကြိမ်မြင့်တက်စဉ် ဩဂုတ် ၂ ရက်က မုံရွာမြို့နယ် ချင်းတွင်းတာ တောင်ပိုင်း တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးအနီး တာပေါင်နေရာမှ စတင်ထူးပေါက်ကာ အရှည်ပေ ၁၅၀ ခန့် ကျိုးပေါက်ခဲ့ပြီး ထနောင်းတောတာမှ ကာကွယ်ထားသည့် မုံရွာမြို့နယ် ကျေးရွာငါးရွာ၏ အနိမ့်ပိုင်းများနှင့် ချောင်းဦးမြို့နယ်အတွင်းရှိ ကျေးရွာများ ရေဘေးသင့်မှု ဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ် ထပ်မံမြင့်တက်လာမှုကြောင့် ယခင်ကျိုးပေါက်ခဲ့သည့် တောင်ပုံ(၅) ပေါက်တွဲအနီးမှ ယာယီရေတားတမံ ထပ်မံမကျိုးပေါက်စေရေး မုံရွာမြို့ အမှတ်(၂၈)ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးမျိုးဝဏ္ဏဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် မြေသားများသယ်ဖို့ခြင်း၊ သဲအိတ်ချခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

---

❒ *ကျောဖုံးမှ*

**မြန်မာ့လက်ရွေးစင်-တစ်ဂိုး (သီဟဇော်)**

**နယူးဇီလန်လက်ရွေးစင်-တစ်ဂိုး**

စက်တင်ဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ကူဝိတ်အသင်းနှင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် စံချိန်တင် ဂိုးရလဒ်ဖြင့် ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် နယူးဇီလန်အသင်းကို သရေကစားနိုင်ခဲ့သည်။ မြန်မာအသင်း နည်းပြချုပ် အေဗရာမိုဗစ်မှာ ခံစစ်ပိုင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဒုတိယပိုင်းတွင် ကစားပုံ ပိုမိုကောင်းမွန်ကာ သမုဒ္ဒရာပိုင်းဇုန် ထိပ်သီးအသင်းဖြစ်သည့် နယူးဇီလန်အသင်းကို သရေကစားနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ကူဝိတ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ပွဲထွက်လူစာရင်းမှ နောက်ခံလူလေးဦးစလုံးနှင့် ဂိုးသမားနေရာတို့ကို အပြောင်းအလဲလုပ်ခဲ့ပြီး **ဂိုး**-မျိုးမင်းလတ်၊ **နောက်တန်း**-ကျော်ဇင်လွင်၊ ဇော်လင်း၊ ဖြိုးကိုကိုသိန်း၊ နန္ဒကျော်၊ **အလယ်တန်း**-ရန်အောင်ကျော်၊ ကျော်မင်းဦး၊ နေလင်းထွန်း၊ သီဟဇော်၊ **ရှေ့တန်း**-အောင်သူ၊ ကျော်ကိုကိုတို့ဖြင့် ပွဲထွက်ခဲ့သည်။ နယူးဇီလန်အသင်းမှာလည်း ဝက်စ်ဟမ်းနောက်ခံလူ ဝင်စတန်ရိဒ်အပါအဝင် လူစုံအသုံးပြုခဲ့သည်။ ပထမပိုင်းတွင် နယူးဇီလန်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး မြန်မာအသင်းမှာ တိုက်စစ်၌ ဘောလုံးအပျက်များနေ၍ အခွင့်အရေးသိပ်မရခဲ့ပေ။ နယူးဇီလန်အသင်းမှာ ပွဲစကတည်းက တိုက်စစ်အသားပေးပုံစံဖြင့် ကစားခဲ့ပြီး အပိုင်ဂိုးသွင်းခွင့်များကို ဂိုးသမား မျိုးမင်းလတ်နှင့် နောက်ခံလူ နန္ဒကျော်တို့ ဖျက်ထုတ်နိုင်ခဲ့သည်။ ၃၆ မိနစ်တွင် မြန်မာအသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးရခဲ့သော်လည်း ကျော်ကိုကို အသုံးမချနိုင်ခဲ့ပေ။ ၄၂ မိနစ်တွင် နယူးဇီလန်အသင်း ပယ်နယ်တီရခဲ့ပြီး ရှိန်းအက်ဝပ်က သွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင် မြန်မာအသင်းက သန်းပိုင်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ ကြည်လင်း၊ ဇော်ရဲထွန်းတို့ကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မြန်မာအသင်း ကစားပုံမှာ ပထမပိုင်းထက် ကစားပုံ ပိုကောင်းလာသည်။ ၆၅ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ပြီး သီဟဇော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ နယူးဇီလန်အသင်းမှာလည်း ဂိုးထပ်မံရရှိရန်အတွက် တိုက်စစ်အားမြှင့်ခဲ့ပြီး မြန်မာနောက်ခံလူများနှင့် ဂိုးသမားမျိုးမင်းလတ်တို့ အမှားအယွင်းမရှိ ကာကွယ်နိုင်ခဲ့သည်။ ရန်ပုံငွေပွဲဖြစ်သောကြောင့် မြန်မာဘောလုံးပရိသတ်များ တစ်ခဲနက် လာရောက်အားပေးခဲ့ပြီး ပရိသတ်ဦးရေ ၂၀၀၀၀ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

ယခုပွဲမှ ကွင်းဝင်ကြေး ကျပ်သိန်း ၃၉၀ ရရှိခဲ့ပြီး မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အလှူရှင်များက လှူဒါန်းငွေအပါအဝင် စုစုပေါင်း ကျပ် ၁၅၉၆၅၇၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

---

## တီဘီရောဂါ အခမဲ့ကုသခြင်းများ ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၇** ရန်ကုန်တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာနမှ ဒေါက်တာတေဇာထွန်း ဦးဆောင်သောအဖွဲ့သည် အလုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာ ဆရာမများနှင့်အတူ စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီမှစတင်ပြီး မြို့နယ်အတွင်း ပြည်သူများ တီဘီရောဂါ ရှိ/မရှိ စမ်းသပ်စစ်ဆေးခြင်းနှင့် ရောဂါရှိသော ဝေဒနာရှင်များကို အခမဲ့ဆေးကုသပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံခန်းမ၌ ဌာနာရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အလုံမြို့နယ်အတွင်း စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကွင်းဆင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ရွှေတိုင်လွင်**

---

## မောင်တောမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**မောင်တော စက်တင်ဘာ ၇**

အလိုတော်ပြည့်ဆရာတော်ကြီးနှင့် ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်တို့က မောင်တောမြို့ ရခိုင်တိုင်းရင်းသားများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ဗဟိုကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အလိုတော်ပြည့်ဆရာတော်ကြီးက ရခိုင်တိုင်းရင်းသားများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ဩဝါဒမိန့်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရာ အလိုတော်ပြည့်ဆရာတော်ကြီးက ဆန်အိတ် ၁၅၀၊ ဆီ ၁၀ ပုံး၊ ခေါက်ဆွဲထုပ် ၃၀ နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ဆန်အိတ် ၁၅၀၊ ဆီ ၁၀ ပုံး၊ ခေါက်ဆွဲထုပ် ၃၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

---

❋ *ကျောဖုံးမှ*

**စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်မှုအခြေအနေ**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့၌ လေးပေခွဲခန့်၊ ဖောင်းပြင်မြို့၌ ခြောက်ပေခွဲခန့်နှင့် မော်လိုက်မြို့၌ ကိုးပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေသည်။ နောက်နှစ်ရက်အတွင်း ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခန့်စီ ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၌ နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲတိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

---


**ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ်နားထောင်ပါ**


---


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၃၆၉၆၈ Honda Click 125 MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူအောင် ၉/မဟမ(နိုင်)၀၀၆၇၇၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/9049 Nissan Attas LT(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၉/မရမ(နိုင်)၀၄၈၃၈၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/3269 Toyota Hiace MiniBus(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ဝင်း ၁၂/ကမတ(နိုင်)၀၁၈၅၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၉၃၇၄ JLM 125, M/C. ယာဉ်လက်ဝယ်ရှိသူ ဦးဟဲရစ်ကြီး ၂/လကန(နိုင်)၀၀၀၁၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၆၃၅၄၄ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသူနိုင် ၁၄/ပသန(နိုင်)၂၀၃၆၈၀ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

### CLAIMS DAY NOTICE

### M.V MODERN LINK VOY:NO(4)

Consignees of cargo carried by M.V MODERN LINK VOY:NO(4) are here by notified that the vessel will arrive on about 10-9-15 and cargo will be discharged into the premises on Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

Deep Excavation များလုပ်ဆောင်ရာတွင် လိုအပ်သော Temporary Strutting လုပ်ငန်းများအတွက် Structural Steel(I Section, H Section - Grade S355 )၊ Size အမျိုးမျိုးကို အချိန်ကာလအလိုက် ငှားရမ်းနိုင်ပါသည်။

ဆက်သွယ်ရန်- ၀၉၄၂၁၁၇၀၂၀၀

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၃၀၃၆ Toyota Dyna Bu 85 Van (4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါက်တာစိုင်းဆမ်ထွန်း ၁၃/လရန(နိုင်)၀၁၃၃၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### CLAIMS DAY NOTICE

### M.V TRANS FUTURE-1 VOY:NO(232)

Consignees of cargo carried by M.V TRANS FUTURE-1 VOY: NO(232) are here by notified that the vessel will arrive on about 10-9-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဖခင် အမည်မှန်**

ဗန်းမော်မြို့၊ အထက(၂)၊ န၀မတန်း(B)မှ မတင်စန်း(ခ)မနှင်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးချစ်ရုံး ၁/ဗမန(နိုင်)၀၂၁၅၉၄ ဖြစ်ပါသည်။

**ဦးချစ်ရုံး ၁/ဗမန(နိုင်)၀၂၁၅၉၄**

### ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ F³¹၊ မြေကွက်အမှတ် V ၁၈၄၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ဗိုလ်စောဦးလမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်(ဒေါ်ငွေကြည်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ပိုင်ဆိုင်စာချုပ် ၂၁၅၀/၃၀-၃-၁၅ ဖြင့် ရရှိသူ ၁။ ဦးတင်ဝင်း ၁၂/တကန(နိုင်)၀၃၂၁၀၂၊ ၂။ ဒေါ်ခင်သန်း ၁၂/ကမတ(နိုင်)၀၁၀၂၇၅၊ ၃။ ဦးစိန်သန်း ၁၂/တကန(နိုင်)၀၃၁၈၁၅ တို့မှ နှစ် ၆၀ ဂရန်မိတ္တူမှန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်(မိတ္တူ)မှန် ထပ်မံလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြော

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများကို လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ပြည်ထဲရေးဝန်ကြီးဌာန စုစည်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကလူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးဆိုင်ရာဥပဒေများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြသည်။

ဟောပြောပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၂၂၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



# အပူရှိန်လွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွား

**ခရမ်း စက်တင်ဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အမှတ်(၁)ရပ်ကွက် အိမ်အမှတ် ၃၇ ဦးသိန်းထွန်း၏နေအိမ်၌ အိမ်ရှင်မိသားစုမရှိခိုက် မီးအားမြင့်စက် အပူရှိန်လွန်ကဲမှုကြောင့် ယနေ့ညနေ ၃ နာရီခွဲက မီးစတင်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ သန္တေတပ်ဖွဲ့ဝင်ခုနစ်ဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြှိမ်းသတ်မှုကြောင့် **(အပေါ်ပုံ)** ညနေ ၃ နာရီ ၅၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ပြီး အိမ်ရှင် ဦးသိန်းထွန်း၏ နှစ်ထပ်အုတ်ညှပ်သွပ်မိုးအိမ် မီးလောင်ဆုံးရှုံးခဲ့ပြီး အနီးပတ်ဝန်းကျင်သို့ မီးကူးစက်လောင်ကျွမ်းမှုမရှိကြောင်း သိရှိရသည်။ **ကိုမင်း(ခရမ်း)**

# မသင်္ကာဖွယ်တွေ့ရှိသူများကို အရေးယူဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်ရှိ ပူးပေါင်းရဲတပ်ဖွဲ့သည် စက်တင်ဘာ ၅ ရက် နံနက်က မောင်းကုန်းကျေးရွာအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ဗန်းမော်-မန္တလေး ကားလမ်းအတိုင်း မြောက်မှတောင်သို့ အဆိုပါကျေးရွာနေ တင်လှိုင်ထွန်း (၁၇)နှစ်မောင်းနှင်ပြီး တစ်ရွာတည်းနေ သာကျော် (၂၆) နှစ် လိုက်ပါလာသည့် ၇ဟ/---- သုံးဘီးဆိုင်ကယ်ကို မသင်္ကာဖွယ်တွေ့ရှိရ၍ ရပ်တန့်စစ်ဆေးရာ သုံးဘီးဆိုင်ကယ်ပေါ်မှ တစ်အိတ်လျှင် အလေးချိန် ခုနစ်ပိဿာခန့်စီရှိ ကြေးနီအပိုင်းအစများ ထည့်ထားသော ပီနံအိတ် ၁၄ အိတ်၊ စုစုပေါင်း ပိဿာ ၉၀ ခန့်၊ တန်ဖိုးငွေကျပ် ၆၈၆၀၀ တွေ့ရှိရသောကြောင့် ၎င်းတို့နှစ်ဦးအား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



လွှဲပြောင်းပေးအပ်ခဲ့သည့် တူမီးသေနတ်များကို တွေ့ရစဉ်။

# တူမီးသေနတ်များ လွှဲပြောင်းပေးအပ်

**ရေး စက်တင်ဘာ ၇**

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၂၉ ရက် ညနေ ၅ နာရီက ဦးတင်ဆန်း(ရာအိမ်မှူး)၊ ဦးစိန်ပေါ် (ပြည်သူ့စစ်ခေါင်းဆောင်)တို့အဖွဲ့က ရေးမြို့မရဲစခန်းမှူး ဒုရဲမှူး မင်းဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးတို့ထံ တူမီးသေနတ် ၁၁ လက်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**


# Congratulations

Our heartiest welcome and warmest congratulations

on the successful opening of

ICBC

**Industrial and Commercial Bank of China**

Yangon branch in Myanmar on 8th September 2015.

Wishing you further success and achievements in providing excellent banking services

to benefit the dynamic economic development of Myanmar.

**Chairman**
**and Board of Directors**
**KBZ BANK LTD.**

# မြန်မာနိုင်ငံစာရင်းအင်းဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

*(ယမန်နေ့မှအဆက်)*

(ဃ) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သည့် စာရင်းအင်းလုပ်ငန်းစဉ်များကို ပြည်ထောင်စုအဆင့်၊ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ရှိ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်ပတ်သက်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သော လုပ်ငန်းအစီအစဉ်၏ စာရင်းအင်းအချက်အလက်ဖြန့်ဝေခြင်း၊ စီမံချက်နှင့်အညီ စာရင်းအင်းအချက်အလက်များအားလုံးကို သတင်းကဏ္ဍမျိုးစုံမှတစ်ဆင့်ဖြန့်ဝေခြင်းတို့ကို ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မြန်မာအမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော အချက်အလက်များအား နည်းလမ်းတကျဖြင့် ခွဲခြမ်းစိတ်ဖြာသုံးသပ်သောဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနများဆောင်ရွက်ခြင်း၊ စာရင်းအင်းထုတ်ပြန်မှု အရည်အသွေးကို အကဲဖြတ်ခြင်း၊ လေ့လာစိစစ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊

(ဆ) စာရင်းအင်းဆိုင်ရာကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်ခေတ်နှင့်လျော်ညီသည့် လိုအပ်ချက်အပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဇ) ဗဟိုစာရင်းအင်းအဖွဲ့၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက နည်းဥပဒေအဖြစ် ထုတ်ပြန်ဖော်ပြနိုင်သည်၊

**အခန်း (၆)**

**ကဏ္ဍအလိုက်စာရင်းအင်းများ**

၇။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အမျိုးသားစာရင်းအင်းစနစ်အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကပါဝင်ပတ်သက်သူများ (Main Stakeholders) အဖြစ် ဆောင်ရွက်ရမည်။

၈။ ဝန်ကြီးဌာနများသည် သက်ဆိုင်ရာကဏ္ဍအလိုက်စာရင်းအင်းများကိုပြုစုရမည့်အပြင် တည်ဆဲဥပဒေများသတ်မှတ်ဖော်ပြထားသော သီးခြားညွှန်ကြားချက်များအရ သန်းခေါင်စာရင်းများ၊ စစ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများထားရှိမှုစနစ်များမှ ကဏ္ဍအလိုက်အချက်အလက်များကိုကောက်ယူစုဆောင်းရမည်။ တရားဝင်စာရင်းအင်းများကို အဆိုပါအချက်အလက်ရင်းမြစ်များမှထုတ်နုတ်ရမည်။

၉။ ဝန်ကြီးဌာနများသည် စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီမှ အတည်ပြုထားသော တရားဝင်စာရင်းအင်းများနှင့်သက်ဆိုင်သောလုပ်ငန်းစဉ်နှင့်အညီ ဗဟိုစာရင်းအင်းအဖွဲ့နှင့်အတူ အရည်အသွေးပြည့်ဝသောသက်ဆိုင်ရာစာရင်းအင်းများကိုပြုစုခြင်းနှင့်ဖြန့်ဝေခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ရမည်။

၁၀။ ဤဥပဒေပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်းအချက်အလက်ပြုစုထုတ်ပြန်ရာတွင် အချိန်ကာလစည်းကမ်းသတ်မှတ်ချက် (Time Frame)၊ အဓိပ္ပာယ်ဖော်ပြချက်များ၊ စာရင်းအင်းဆိုင်ရာနည်းလမ်းများ(Methodology)၊ အချက်အလက်ကောက်ယူမည့်နမူနာပုံစံများ(Templates) စသည့် စာရင်းအင်းဆိုင်ရာအချက်အလက်ကောက်ယူစုဆောင်းခြင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များအတွက် စီမံချက်နှင့်အတူ စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၁။ စာရင်းအင်းပြုစုထုတ်ပြန်သူများနှင့် စာရင်းအင်းဆိုင်ရာအကြီးအမှူးတို့အကြားသဘောတူညီချက်ကိုလိုက်နာရန် ပျက်ကွက်ပါက ၎င်းစီမံချက်အပေါ် စာရင်းအင်းဆိုင်ရာ အကြီးအမှူး၏အတည်ပြုချက်အား ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း (၇)**

**ကော်မတီဖွဲ့စည်းခြင်းနှင့်အဓိကတာဝန်များ**

၁၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီကို ဖွဲ့စည်းရမည်။

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ | နာယက |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | သက်ဆိုင်ရာဝန်ကြီးဌာနမှ<br>ဒုတိယဝန်ကြီး(၁၅)ဦး | အဖွဲ့ဝင် |
| (၅) | ဒုတိယစာရင်းစစ်ချုပ် | အဖွဲ့ဝင် |
| (၆) | ဝန်ကြီးများ<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန<br>တိုင်းဒေသကြီးနှင့်<br>ပြည်နယ်အစိုးရအဖွဲ့အားလုံး | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) တိုင်းဒေသကြီးအစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့တို့သည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးကော်မတီကို ဖွဲ့စည်းရမည်။

(ဂ) ပုဒ်မခွဲ (က)နှင့် (ခ) အရ ဖွဲ့စည်းထားသော ကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်၍ နည်းဥပဒေတွင် ထည့်သွင်းဖော်ပြနိုင်သည်။

၁၃။ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီကချမှတ်ထားသောစာရင်းအင်းဆိုင်ရာမူဝါဒများကို ဗဟိုစာရင်းအင်းအဖွဲ့၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စု၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်း၊ ကော်ပိုရေးရှင်း၊ ကုမ္ပဏီအပါအဝင် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများတို့မှ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၄။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေတို့အကြား ထိရောက်သော စာရင်းအင်းဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများပေါ် ထွန်းလာစေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့်အရည်အသွေးပြည့်ဝရေးကော်မတီများသည်သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များ၊ မြို့နယ်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများတွင် စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အခွင့် အာဏာပေးအပ်ထားရမည်။

၁၅။ ဗဟိုစာရင်းအင်းအဖွဲ့သည် ဘဏ္ဍာရေးခွင့်ပြုချက်ရှိခဲ့လျှင် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို ထောက်ပံ့ပေးရမည်။

၁၆။ ပြည်ထောင်စုနယ်မြေအပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုခုသည် ပြည်ထောင်စုအစိုးရ၏ လက်ရှိစာရင်းအင်းဆိုင်ရာဆောင်ရွက်မှုများမှ လိုအပ်သော အချက်အလက်များကိုရရှိနိုင်ခြင်းမရှိခဲ့လျှင် မိမိဒေသဆိုင်ရာအဆင့်မှစာရင်းအင်းများကိုရယူ၍ လုပ်ငန်းများဆောင်ရွက်နိုင်သည်။ သို့ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ၏အတည်ပြုချက်ဖြင့်သာလျှင် ဆောင်ရွက်ရမည်။

**အခန်း (၈)**

**စာရင်းအင်းဆိုင်ရာအချက်အလက်များအားကောက်ယူစုဆောင်းခြင်း**

၁၇။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသည် ဗဟိုစာရင်းအင်းအဖွဲ့၏အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ရှိ စာရင်းအင်းပြုစုထုတ်ပြန်သူများမှတစ်ဆင့် သန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းနှင့်စပ်လျဉ်း၍ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၁၈။ သန်းခေါင်စာရင်းနှင့်စစ်တမ်းများအတွက် မေးခွန်းဖြေကြားသူသည် စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များအတွက် အချိန်ကာလနှင့်လိုက်လျောညီသည့် တိကျပြည့်စုံသော စာရင်းအင်းဆိုင်ရာအချက်အလက်များကို သတ်မှတ်သည့် အချိန်ကာလအတွင်း ရရှိနိုင်ခြင်းမရှိပါက အနီးစပ်ဆုံးခန့်မှန်းခြေစာရင်းအင်းဆိုင်ရာအချက်အလက်များကို ပံ့ပိုးပေးအပ်ရမည်။

၁၉။ စာရင်းအင်းဆိုင်ရာအကြီးအမှူးသို့မဟုတ်၎င်းက တာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် စစ်တမ်းနှင့်သန်းခေါင်စာရင်းများ ဆောင်ရွက်နိုင်ရန် အစိုးရဌာနအဖွဲ့အစည်းများရှိ သက်ဆိုင်ရာမှတ်တမ်းများသို့မဟုတ် စာရွက်စာတမ်းများကိုရယူခွင့်ရှိသည့်အပြင် စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ဤဥပဒေအရလိုအပ်သည့်စာရင်းအင်းဆိုင်ရာ အချက်အလက်တစ်ခုခုအား ရရှိရန်လိုအပ်သော မေးခွန်းများကို မေးမြန်းခွင့်ရှိသည်။

၂၀။ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများသည် ဤဥပဒေပါကိစ္စရပ်များအလို့ငှာ စာရင်းအင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ထိန်းသိမ်းထားသည့် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများ (Administrative Records) မှ ရယူလိုသော စာရင်းအင်းဆိုင်ရာအချက်အလက်များအတွက် စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးကတောင်းဆိုသည့်အချက်များကိုဆောင်ရွက်ပေးရမည်။

၂၁။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းကတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် ဝင်ငွေခွန်နှင့်ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရဘဏ္ဍာရေးဝန်ကြီးဌာနက ထိန်းသိမ်းထားသည့်သက်သေခံလက်မှတ်များ၊တင်ပြချက်များ၊ နှစ်စဉ်အစီရင်ခံစာများနှင့်မှတ်တမ်းများကို စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် ရယူပိုင်ခွင့်ရှိသည်။

၂၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူး သို့မဟုတ် ၎င်းမှတာဝန်ပေးအပ်ခြင်းခံရသူတစ်ဦးဦးသည် စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်များအတွက်ကန့်သတ်ထားသော သတင်းအချက်အလက်များကိုတောင်းဆိုရယူခွင့်ရှိရမည်။

**အခန်း (၉)**

**စာရင်းအင်းဆိုင်ရာအချက်အလက်များအတွက်မေးခွန်းဖြေကြားသူများ၏ အခွင့်အရေး**

၂၃။ မေးခွန်းဖြေကြားသူသည်မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အရ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ်က ဆောင်ရွက်ထားရှိရမည့်စစ်တမ်းနှင့် သန်းခေါင်စာရင်းတစ်ရပ်ရပ်အတွက် ယင်းထုတ်ဖော်ပြောဆိုထားသော လျှို့ဝှက်ထိန်းသိမ်းထားရှိရမည့် ပုဂ္ဂိုလ်ရေးရာအချက်အလက်များကို သက်ဆိုင်ရာ စာရင်းအင်းကောက်ယူသည့်ဌာနသို့ တောင်းဆိုခွင့်ရှိသည်။

၂၄။ မေးခွန်းဖြေကြားသူသည် စာရင်းကောက်ယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သိပိုင်ခွင့်ရှိသည် -

(က) အချက်အလက်ကောက်ယူစုဆောင်းခြင်း၏ ရည်ရွယ်ချက်၊ ကောက်ယူသည့် အချက်အလက်များအားအသုံးပြုခြင်း၊ ယင်းဖြေဆိုရမည့် မေးခွန်းအသုံးပြုခြင်းတို့တွင် မေးခွန်းဖြေကြားသူက ဖြေဆိုရန် တာဝန်ရှိသောမေးခွန်းများ၊

(ခ) ကောက်ယူစုဆောင်းရရှိသော အချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ထိန်းသိမ်းထားခြင်းအပါအဝင် မှတ်တမ်းတင်ထားမည့်လုပ်ထုံးလုပ်နည်းများနှင့် ပြုစုမည့်စာရင်းအင်းများကို ထုတ်ပြန်မည့်အချိန်ဇယား၊

(ဂ) စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အခြားသက်ဆိုင်သော စာရင်းအင်းအချက်အလက်များ။

**အခန်း (၁၀)**

**စာရင်းအင်းဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးအပ်ရန်တာဝန်**

၂၅။ ပုဂ္ဂိုလ်တစ်ဦးဦးဖြစ်စေ၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ စီးပွားရေးလုပ်ငန်း၊ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် အခြားစီးပွားရေးကိုယ်စားလှယ်များသည် ဗဟိုစာရင်းအင်းအဖွဲ့၏စာရင်းအင်းဆိုင်ရာလုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက်သော်လည်းကောင်း၊ ဤဥပဒေတွင်သတ်မှတ်ဖော်ပြထားသည့် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်အတွင်းမှ အချက်အလက်ဆိုင်ရာအခြား လုပ်ထုံးလုပ်နည်းများအတွက်သော်လည်းကောင်း ပြည့်စုံမှန်ကန်သော စာရင်းအင်းဆိုင်ရာအချက်အလက်များကို အချိန်မီအခမဲ့ပံ့ပိုးပေးအပ်ရန်တာဝန်ရှိသည်။

၂၆။ လူဦးရေနှင့်အိမ်ထောင်စုသန်းခေါင်စာရင်းမှတစ်ပါး အခြားဖြေဆိုသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်များသည် မေးခွန်းဖြေဆိုသူ၏ အကျိုးအားထိခိုက်စေနိုင်လျှင် ထိုသူအား စာရင်းအင်းဆိုင်ရာ အချက်အလက်ပံ့ပိုးပေးအပ်ဖြေဆိုရန်တာဝန်ရှိခြင်းမှ အပြည့်အဝကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ လိုအပ်ပါက ကင်းလွတ်ခွင့်ပြုနိုင်သည်။

**အခန်း (၁၁)**

**တရားဝင်စာရင်းအင်းများအား ထုတ်ပြန်ခြင်း**

၂၇။ ဗဟိုစာရင်းအင်းအဖွဲ့နှင့်အချက်အလက် ပြုစုထုတ်ပြန်သူများသည် အချက်အလက်အသုံးပြုသူများလိုအပ်သော တရားဝင်စာရင်းအင်းများနှင့်စပ်လျဉ်း၍ ပုံနှိပ်ထုတ်ဝေမည့်အမျိုးအစား၊ ပုံစံနှင့်နေ့ရက်တို့ကို ကြိုတင်ထုတ်ဝေသည့် လုပ်ငန်းအချိန်ဇယားတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဇယားပါရည်ရွယ်ချက်များ၊လုပ်ထုံးလုပ်နည်းများအတိုင်းနှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ လိုအပ်သည့်စာရင်းအင်းအချက်အလက်များကို ထုတ်ပြန်ရမည်။

၂၈။ ဗဟိုစာရင်းအင်းအဖွဲ့နှင့်အချက်အလက်ပြုစုထုတ်ပြန်သူများသည် သီးခြားဇယားများပြုစုခြင်း၊ သန်းခေါင်စာရင်းနှင့်စစ်တမ်းများအတွက် အသေးစိတ်အချက်အလက်များထုတ်ပြန်ခြင်း အပါအဝင် စာရင်းအင်းဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်ရမည်။

၂၉။ တရားဝင်စာရင်းအင်းများထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံအမျိုးသားစာရင်းအင်းစနစ်ရှိအချက်အလက်ပြုစုထုတ်ပြန်သူများက သင့်လျော်သည့် သတင်းမီဒီယာများကို အသုံးပြုနိုင်သည်။

၃၀။ ဗဟိုစာရင်းအင်းအဖွဲ့သည်အမျိုးသားစာရင်းအင်းဆိုင်ရာအချက်အလက်များသိုမှီးရာဌာနအား တိုးတက်ကောင်းမွန်စေရန်၊ ပြုပြင်ထိန်းသိမ်းရန်၊ အများပြည်သူရယူအသုံးပြုခွင့်ရရှိစေရန်၊ ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် တာဝန်ရှိသည်။

၃၁။ အချက်အလက်ထုတ်ပြန်ခြင်းဆိုင်ရာ မူဝါဒနှင့်အညီ စာရင်းအင်းပြုစုထုတ်ပြန်သူများသည် လျှို့ဝှက်ထိန်းသိမ်းသင့်သည့် အချက်အလက်များမှအပ သုံးစွဲလိုသူများထံအဖိုးအခတစ်စုံတစ်ရာဖြင့် သုံးစွဲခွင့်ပြုနိုင်သည်။

**အခန်း (၁၂)**

**တားမြစ်ချက်များ**

၃၂။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်း အချက်အလက်ပြုစုထုတ်ပြန်သူမည်သူမျှ စာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက် မေးခွန်းဖြေကြားသူများထံမှရရှိသော လျှို့ဝှက်ထိန်းသိမ်းရမည့်အချက်အလက်ကို လျှို့ဝှက်ထိန်းသိမ်းထားရှိရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၃။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ လက်ဝယ်ရှိစာရင်းအင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ရပ်အတွက်ပြုလုပ်ထားသော ပုဂ္ဂိုလ်တစ်ဦးချင်း၊ အိမ်ထောင်စုနှင့်အဖွဲ့အစည်းတစ်ခုခုနှင့် စပ်လျဉ်းသော စာရွက်စာတမ်းဖြင့်ဖြစ်စေ၊ အီလက်ထရွန်နစ်ပုံစံဖြင့်ဖြစ်စေ ပြုစုထားသည့် အများပြည်သူဆိုင်ရာ မှတ်ပုံတင်မှုအချက်အလက် သိုမှီးရာဌာန သို့မဟုတ် မွေးဖွားကြောင်း ကြေညာချက်ပုံစံသည့် အုပ်ချုပ်မှုဆိုင်ရာမှတ်တမ်းရှိမည်သည့်အချက်အလက်ကိုမျှ သက်ဆိုင်ရာပုဂ္ဂိုလ်၊ အိမ်ထောင်စုနှင့်အဖွဲ့အစည်း၏ သဘောတူညီကြောင်းစာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

၃၄။ ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက်ပြုစုထုတ်ပြန်သူသည် နမူနာစစ်တမ်းနှင့်သန်းခေါင်စာရင်းများမှ သတင်းအချက်အလက်များကို စာရင်းအင်းဆိုင်ရာ အကျဉ်းချုပ်များ သို့မဟုတ် စာရင်းအင်းဆိုင်ရာဇယားများအနေဖြင့်သာလျှင် ထုတ်ပြန်ရမည်။ ယင်းထုတ်ပြန်ချက်တွင် ပုဂ္ဂိုလ်တစ်ဦးဦး၊ ကော်ပိုရေးရှင်း၊ အသင်းအဖွဲ့၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် လုပ်ငန်းများကို ဖော်ပြခြင်းမပြုရ။

*စာမျက်နှာ ၁၆ သို့*

# ဟန်လင်း ပျူပြတိုက်များသို့

မောင်သာ
(ရှေးဟောင်းသုတေသန)

ရန်ကုန်မြို့မှ ည ၉ နာရီခွဲတွင် ထွက်ခွာလာခဲ့သော ကျွန်တော်တို့အဖွဲ့သည် နောက်တစ်နေ့ နံနက် ၆ နာရီတွင် မန္တလေးမြို့ ကွဲဆည်ကန် အဝေးပြေးဝင်းသို့ ရောက်ရှိခဲ့ပြီး ဟန်လင်းသို့ ခရီးဆက်ခဲ့ကြသည်။

ဟန်လင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့မှ အရှေ့တောင်ဘက် ၁၀ မိုင်ခွဲနှင့် ဝက်လက်မြို့မှ အရှေ့မြောက်ဘက်ခြောက်မိုင်အကွာတွင် တည်ရှိပြီး အေဒီ တစ်ရာစုမှ လေး ရာစုအတွင်း ပျူယဉ်ကျေးမှု ထွန်းကားခဲ့သော ပျူမြို့ဟောင်းတစ်ခု ဖြစ်သည်။

ကျွန်တော်တို့သည် ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနပညာဌာနမှ မဟာဝိဇ္ဇာအပိုင်း(က)နှင့် ဘွဲ့လွန်ဒီပလိုမာ သင်တန်းသားများ ဖြစ်ကြပြီး ပျူမြို့ဟောင်း ဟန်လင်းတွင် ရှေးဟောင်းသုတေသနဆိုင်ရာ ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ရန် ထွက်ခွာလာခဲ့ကြခြင်းဖြစ်ရာ ကျွန်တော်တို့အဖွဲ့ကို ရန်ကုန်တက္ကသိုလ် ရှေးဟောင်း သုတေသနပညာဌာန ပါမောက္ခ /ဌာနမှူး ဒေါက်တာစံရွှေက ဦးဆောင်ခဲ့သည်။

ကျွန်တော်တို့သည် မန္တလေးမှ အမရပူရ-စစ်ကိုင်းလမ်းအတိုင်း လာခဲ့ကြပြီး စစ်ကိုင်းမြို့အလွန် ရွှေဘို-မုံရွာ လမ်းခွဲ၊ အုန်းတောရွာမှ တစ်ဆင့် မြောက်ဘက်သို့ စစ်ကိုင်းရွှေဘိုလမ်းအတိုင်းဆက်လက်ထွက်ခွာလာခဲ့ရာ ဆားတောင်၊ လှတော၊ မုဆိုးခြုံစသော နာမည်ကြီးရွာများကို ဖြတ်သန်းလာခဲ့ပြီး ဝက်လက်မြို့နယ်ရှိ ပျူမြို့ဟောင်း ဟန်လင်းသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

ကျွန်တော်တို့လိုက်ပါလာသောမော်တော်ယာဉ်ကို ဟန်လင်းစံပြ ကျေးရွာအဝင်ထိပ်ရှိ လေးထောင့်စပ်စပ် အုတ်ရေကန်ဘေးတွင် ရပ်လိုက်ပါသည်။ ကျွန်တော်တို့ အဖွဲ့အား ဦးမြင့်စိုးအောင်နှင့် ရွာသူရွာသားများက လာရောက်ကြိုဆိုနေကြသည်။

ထိုရေကန်သည် ဟန်လင်းရှိသဘာဝ ရေပူကန်များအနက် အကြီးဆုံးဖြစ်ကြောင်း ဒေသခံဦးမြင့်စိုးအောင် ပြောပြနေသည်ကို နားထောင်လျက် ကန်ရေပြင်ကို ကျွန်တော် ကြည့်နေမိသည်။

ကန်က လူတစ်ရပ်နီးပါး နက်ကာ ရေက ကြည်လင်နေပြီး ရေအောက်မှ ကျောက်တုံးများနှင့် ရေမှော်ပင်များကို မြင်နေရသည်။ ကန်ဘေးပတ်လည်ကို အုတ်ဖြင့် ကာရံထားပြီး ကန်အတွင်းသို့ဆင်းရန် အုတ်လှေကားတစ်ခုကို ပြုလုပ်ထားသည်။ ကျွန်တော်သည် အုတ်လှေကားအတိုင်း ရေစပ်သို့ ဆင်းသွားကာ ကန်ရေကိုလက်ဖြင့် စမ်းကြည့်လိုက်ရာ အတော်ပူသည်ကို တွေ့ရပြီး ကျွန်တော့်လက်ကိုရေထဲသို့ ဖြည်းဖြည်းချင်းနှစ်ကြည့်လိုက်ပါသည်။ နှစ်ခါစတွင် မခံနိုင်လောက်အောင် ပူသွားပြီး ခဏအကြာတွင် အပူကို ခံနိုင်သွားပြီး စိမ်ထား၍ကောင်းသကဲ့သို့ ခံစားရသည်။

ကျွန်တော့်လက်ကိုရေထဲမှ ဆွဲတင်လိုက်သောအခါတွင်မူ လက်တစ်ချောင်းလုံးရဲရဲနီနေသည်။ သို့သော် အပူလောင်ခံရခြင်းမျိုးကို မခံစားရ၊ အပူလောင်သည့် လက္ခဏာလည်း မတွေ့ရပါချေ။

"မနက်စောစောနဲ့ ညပိုင်းတွေမှာ ရွာကလူတွေ ရေလာစိမ်ကြတယ်။ အခုချိန်ကတော့ အလွန်ပူတယ်" ဟု ဦးမြင့်စိုးအောင်က ရှင်းပြသည်။ ဟန်လင်းတွင် ရေပူတွင်းများရှိရာ တစ်တွင်းနှင့် တစ်တွင်းအပူချိန်များ မတူကြဘဲ ကြက်ဥဘဲဥများ ပြုတ်နိုင်သည်အထိ အပူချိန်ရှိသော တွင်းငယ်များကို ဦးမြင့်စိုးအောင်က လိုက်ပြခဲ့သည်။

ကျွန်တော်တို့ ခေတ္တနားပြီးနောက် ဟန်လင်းကျောက်စာရုံသို့ သွားရောက်လေ့လာခဲ့ကြရာ ရှေးဟောင်း သုတေသန ဦးစီးဌာနမှ ဦးစောနိုင်ဦးနှင့် အဖွဲ့က သိလိုသမျှကို ရှင်းပြခဲ့ကြသည်။

ပျူမြို့ဟောင်း ဟန်လင်းကို ၁၉၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ပဏာမစမ်းသပ်တူးဖော်မှုများ ပြုလုပ်ခဲ့စဉ် အိန္ဒိယနိုင်ငံတောင်ပိုင်း အရေးအသားတစ်ခုဖြစ်သော ဗြဟ္မီအက္ခရာများဖြင့်ရေးထိုးထားသည့် ကျောက်စာတစ်ချပ်ကို တူးဖော်ရရှိခဲ့သည်။ ပညာရှင်များက ထိုကျောက်စာပါ စာသားများသည် အေဒီလေးရာစုက အရေးအသားများ ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။ ဟန်လင်းမြို့ဟောင်း တူးဖော်မှုများကို ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများက ဆက်လက်ဆောင်ရွက်ခဲ့ကြပြီး ကျောက်စာချပ်များကို ထပ်မံတွေ့ရှိခဲ့သည်။ ဟန်လင်းမှ ရရှိခဲ့သော ကျောက်စာချပ်များကို ပညာရှင်များသာမက သုတေသီများနှင့် စိတ်ပါဝင်စားသည့် ပြည်သူများပါ လေ့လာနိုင်စေရန် ပျူမြို့ဟောင်း ဟန်လင်းဒေသ၊ ဟန်လင်းစံပြကျေးရွာတွင် ကျောက်စာရုံ တစ်ရုံကို ၁၉၅၇ ခုနှစ်တွင် တည်ဆောက်ဖွင့်လှစ် ပြသခဲ့ပြီး ၁၉၆၃-၁၉၆၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။



လက်ရှိ ဟန်လင်းကျောက်စာရုံတွင် ပျူကျောက်စာ သုံးချပ်အပါအဝင် ကျောက်စာ ၂၁ ချပ်ကို ပြသထားသည်။ ပျူကျောက်စာများကို ပညာရှင်များက ဘာသာပြန်ဆိုဆဲဖြစ်ရာ ပျူမင်း 'ဗံး ဝိံဠ္ဓေါသြိကၡ'၊ 'သြိတြိဝိကြမ' နှင့် မိဖုရားများ ဖြစ်ကြသော 'မဟာဒေဝိ သြိဇတြဇိ' နှင့် 'သြိရဏံဂိ' အမည်များကိုသာ ဖော်ထုတ်နိုင်သေးသည်။

၁၉၆၃ ခုနှစ် မတ်လတွင် ကုန်းအမှတ်(၂)မှ တူးဖော်ရရှိခဲ့သော ကျောက်စာ အမှတ်(၀၁)သည် အေဒီ ရှစ်ရာစုတွင် ရေးထိုးခဲ့သော ပျူကျောက်စာဖြစ်ပြီး စာကြောင်းရေ ၁၄ ကြောင်းပါရှိသည်။ စာကြောင်း(၂)နှင့် (၄) တွင် တြိဝိဂရမ ဟူသည့် အမည်မှလွဲ၍ ကျန်စာကြောင်းများ၏ အဓိပ္ပာယ်ကို အပြည့်အစုံ မဖော်ထုတ်နိုင်သေးပါချေ။ ဟန်လင်းနဂါးရုံကန်ပေါင်အနောက်ဘက်မှတွေ့ရှိခဲ့ရသည့် စာကြောင်းရေနှစ်ကြောင်းသာပါရှိသော ကျောက်စာကို ပညာရှင်များက အေဒီလေးရာစုတွင် ရေးထိုးခဲ့သော အစောဆုံးပျူကျောက်စာဟုယူဆခဲ့ကြပြီး ယင်းကျောက်စာကို ပုဂံ ရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည်။

၁၉၂၉-၁၉၃၀ ခုနှစ်က ကျောက်ဘီလူးထန်းတောမှ တူးဖော်ရရှိခဲ့ရသည့် ကျောက်စာအမှတ်(၀၉)၏ အပေါ်ပိုင်း၌ ဗောဓိသတ္တဘုရားလောင်းပုံကို ထွင်းထုထားပြီးအောက်ပိုင်းတွင် လက်အုပ်ချီမိုးထားသူ ပရိသတ် ၅၃ ယောက်ပုံကို ထွင်းထားလေရာ သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ကျောက်ရုပ်ကြွတစ်ချပ်အဖြစ် ထင်ရှားလှပေသည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခု ဖြစ်သည့် ဟန်လင်းသို့ ပြည်တွင်း ပြည်ပ ခရီးသည်များ သွားရောက် လည်ပတ်လျက် ရှိကြရာ ဟန်လင်းရှိ ပြတိုက်များသည် ပျူလူမျိုးများ၏ အတိတ်သမိုင်း ပုံရိပ်များကို ဖော်ညွှန်းပြသလျက်ရှိ

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၅ မှ

၃၅။ အမျိုးသားစာရင်းအင်းစနစ်တွင် ပါဝင်သော ဗဟိုစာရင်းအင်းအဖွဲ့ သို့မဟုတ် အချက်အလက်ပြုစုထုတ်ပြန်သူများသည် သုတေသနလုပ်ငန်းအတွက်ပြုစုသော စာရင်းအင်းဆိုင်ရာမေးမြန်းချက်များ သို့မဟုတ် စစ်တမ်းအတွက် မေးခွန်းများမှ အသေးစိတ် အချက်အလက်များကို ပြုစုဆောင်ရွက်နိုင်သည်။ သို့ရာတွင် ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းသို့မဟုတ်အဖွဲ့အစည်းများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာအချက်အလက်များကို မည်သည့်အကြောင်းနှင့်မျှ ထုတ်ဖော်ပြောဆိုခြင်းသို့မဟုတ် အပေးအယူပြုလုပ်ခြင်း မပြုရ။

၃၆။ ဤဥပဒေအရသော်လည်းကောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေအရသော်လည်းကောင်း တရားစွဲဆို ဆောင်ရွက်သည့်ကိစ္စရပ်မှတစ်ပါး ဤဥပဒေအရ အချက်အလက်များ ကောက်ယူစုဆောင်းခြင်း၊ ပြုစုခြင်းနှင့် တရားဝင် စာရင်းအင်းများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမရှိသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ကော်ပိုရေးရှင်း၊ အဖွဲ့အစည်း၊ ဖက်စပ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်းများနှင့် စပ်လျဉ်းသော သတင်းအချက်အလက် တစ်စုံတစ်ရာကိုကြည့်ရှုခွင့်မပြုရ။

၃၇။ မည်သူမျှ အောက်ပါပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ခြင်းမပြုရ-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ယူစုဆောင်းသည့် စာရင်းအင်း အချက်အလက်များကို ပံ့ပိုးပေးအပ်ရန် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်း သို့မဟုတ် ငြင်းဆိုခြင်း၊

(ခ) တမင်ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော စာရင်းအင်းအချက်အလက်များကို ပေးအပ်ခြင်း၊

(ဂ) စာရင်းအင်းအချက်အလက်များကို ကောက်ယူစုဆောင်းသူ တစ်ဦးဦးက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းအင်း အချက်အလက်များ ကောက်ယူစုဆောင်းခြင်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

**အခန်း(၁၃)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၈။ စာရင်းအင်းဆိုင်ရာအကြီးအမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများနှင့် စာရင်းအင်းပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၂ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၃၉။ ဗဟိုစာရင်းအင်းအဖွဲ့၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် စာရင်းအင်းပြုစုထုတ်ပြန်သူ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုဖြစ်ပါက ကျပ်ငါးသောင်းထက်မပိုသောငွေဒဏ်ကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် ကော်ပိုရေးရှင်းဖြစ်ပါက ကျပ်တစ်သိန်းငါးသောင်းထက်မပိုသောငွေဒဏ်ကို လည်းကောင်းချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၄၀ အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဆက်လက်ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်ရက်လျှင် ကျပ် ငါးထောင်ထက် မပိုသော ငွေဒဏ်ကို ချမှတ်ရမည်။

**အခန်း(၁၄)**

**အထွေထွေ**

၄၂။ ဤဥပဒေအရ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးအပ်ရန် တာဝန်ရှိသူသည် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုဖြစ်လျှင် အဆိုပါအသင်းအဖွဲ့၏အဖွဲ့ဝင်တစ်ဦးချင်းစီ သို့မဟုတ် အဖွဲ့အစည်းကို ဦးဆောင်သောအဖွဲ့တွင် ပါဝင်သူတစ်ဦးချင်းစီ သို့မဟုတ် စီးပွားရေးလုပ်ငန်းတွင် ပါဝင်သူ တစ်ဦးချင်းစီ သို့မဟုတ် ကုမ္ပဏီဒါရိုက်တာ သို့မဟုတ် အစုရှယ်ယာရှင် တစ်ဦးချင်းစီတွင် တာဝန်ရှိသည်ဟု မှတ်ယူရမည်။ သို့ရာတွင် အသင်းအဖွဲ့ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုသည် ယင်း၏ကိုယ်စား ဤဥပဒေပါ စာရင်းအင်းဆိုင်ရာကိစ္စရပ်များအတွက် အချက်အလက်များ ပံ့ပိုးပေးမည့်သူအဖြစ် တစ်ဦးတစ်ယောက်၏ အမည်စာရင်းကို စာရင်းအင်းဆိုင်ရာ အကြီးအမှူး (Chief Statistician) ထံ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ထားလျှင် ထိုသို့ အမည်စာရင်းတင်သွင်းခံရသူတွင်သာ တာဝန်ရှိစေရမည်။

၄၃။ ပုဒ်မ၃၅အရ တရားစွဲဆိုရာတွင် စာရင်းအင်းဆိုင်ရာအကြီးအမှူး၏ ကြိုတင်ခွင့်ပြုမိန့် မရရှိဘဲ တရားစွဲဆိုခြင်းမပြုရ။

၄၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့်ဗဟိုစာရင်းအင်းအဖွဲ့တို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၅။ ၁၉၅၂ ခုနှစ်၊ ဗဟိုစာရင်းစစ်တမ်း ကောက်ယူရေး အာဏာပိုင်အက်ဥပဒေ (အက်ဥပဒေ အမှတ် ၃၄/၁၉၅၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

# ရေဘေးသင့် ကလေးမြို့နယ်အတွက် ထောက်ပံ့သောမျိုးစပါးများ စတင်စိုက်ပျိုးကြပြီ

**စစ်ကိုင်း စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် စပါးစိုက်ဧရိယာ ၂၉၃၅၈ ဧကအပေါ် စက်တင်ဘာ ၃ ရက်အထိ ၁၂၈၈၆ ဧက ပြန်လည် စိုက်ပျိုးပြီးဖြစ်ရာ တောင်သူများအနေဖြင့် ပျိုးကျန်များဖြင့် လည်းကောင်း၊ နိုင်ငံတော်မှ ထောက်ပံ့သော စပါးမျိုးများကို ထွန်ရေးမဲ့ တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့် လည်းကောင်း စိုက်ပျိုးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

"တောင်သူအချို့က မျိုးထုတ်ယူထားပြီး ကိုယ့်ရဲ့ စိုက်ခင်းမြေအစိုရှိမှု၊ လူဝင်ရောက်နိုင်မှုအပေါ် မူတည်ပြီးဆက်လက်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ စိုက်ပျိုးရာမှာ စနစ်တကျဖြစ်စေဖို့အတွက် အတန်းလိုက် တိုက်ရိုက်မျိုးစေ့ချကိရိယာ ၁၅ လက်ကို ကလေးမြို့နယ်ကို ပေးပို့ထားသလို နတ်ချောင်း၊ နတ်မြောင်း၊ အင်ဒိုင်းကြီး၊ မင်္ဂလာဥယျာဉ် စတဲ့အုပ်စုများမှာ မျိုးစေ့ချကိရိယာနဲ့ စိုက်ပျိုးနမူနာ စမ်းသပ်ကြည့်တဲ့အခါ စိုက်ပျိုးမြေရဲ့ နွံ၊ နုန်းထုတက်တဲ့ အနက်က တစ်ပေခွဲကနေ လေးပေအထိ ရှိတာကြောင့် မြေကျွံတဲ့အတွက် ကိရိယာနဲ့စိုက်လို့မရနိုင်တာ တွေ့ရပါတယ်" ဟု ဆက်လက်ပြောပြသည်။

ရေနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ဧရိယာများ၊ မပျက်စီးဘဲ ကျန်နေသောဧရိယာများနှင့် ရေဝင်ရောက်မှုမရှိသော စိုက်ခင်းများတွင် စစ်ကိုင်းတိုင်းဒေသကြီး သီးနှံကာကွယ်ရေးမှ အရာထမ်းတစ်ဦး အပါအဝင် ကလေးခရိုင် ကလေးမြို့နယ်မှ ဝန်ထမ်းငါးဦးဖြင့် ကွင်းဆင်းစေကာ ပိုးမွှားကင်းထောက်မှတ်တမ်းရယူခြင်းများ ဆောင်ရွက်စေခဲ့သည့်အပြင် တောင်သူများအား ရေကြီးနစ်မြုပ်မှုကြောင့် ကျရောက်တတ်သည့် ပိုးမွှားနှင့် ရောဂါများကာကွယ်နှိမ်နင်းခြင်း စနစ်များကို တောင်သူများသို့ ပညာပေးဟောပြောပွဲများ ပြုလုပ်လျက်ရှိသည်။

ထို့ပြင် ကလေးမြို့နယ် ကျေးရွာများသို့ ဩဂုတ် ၁၁ ရက်က စတင်၍မျိုးများ ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၅ ခုနှစ်စက်တင်ဘာ ၃ ရက်အထိ ရွှေသွယ်ရင်စပါးမျိုးနှင့် ရက် ၉၀ စပါးမျိုး တင်း ၃၉၇၀ နှင့် GWI စပါးမျိုး ၈၄၅၅ ဧကအတွက် ၅၉၁၈၅ ကီလို ဖြန့်ဖြူးထားကြောင်း သိရသည်။

လယ်ယာကဏ္ဍ ပြန်လည်ထူထောင်ရေးမြို့နယ်အဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီအနေဖြင့်ကျေးရွာအုပ်စုအလိုက်၊ကွင်းအလိုက်၊ တောင်သူတစ်ဦးချင်းအလိုက် မိုးစပါးနှင့် မိုးသီးနှံ ပျက်စီးမှုစာရင်းများ ကောက်ယူရေးအဖွဲ့ ဖွဲ့စည်းကောက်ယူရမည်ဖြစ်ပြီး အစားထိုးစိုက်ပျိုးရမည့် တောင်သူတစ်ဦးချင်းအလိုက် စာရင်းကောက်ယူခြင်း၊ မျိုးလိုအပ်ချက်စာရင်းများပြုစုကြမည်ဖြစ်ကြောင်း သိရသည်။

ရေလွှမ်းမှုကြောင့် သစ်တုံးဖုံးခြင်း၊ နွံများဖုံးခြင်း၊ ကန်သင်းများပျောက်၍ သဲထိုးခြင်း စသည့်ပျက်စီးသွားသော လယ်ယာမြေများအတွက် ပြုပြင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို သက်ဆိုင်ရာတောင်သူများ၊ ဌာနဆိုင်ရာများနှင့်ဆက်စပ်ကာ နည်းလမ်းရှာကြံခြင်း၊ လိုအပ်မည့် စက်ပစ္စည်းကိရိယာများ ရရှိရေးကို သက်ဆိုင်ရာနှင့် ဆက်စပ် ဆောင်ရွက်ပေးမည်ဖြစ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပျောက်ဆုံးမှုများရှိပါက ပြန်လည်ထုတ်ပေးနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ဆက်စပ်ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

**ကလေးမြို့နယ် ကျေးရွာများသို့ ဩဂုတ် ၁၁ ရက်က စတင်၍ မျိုးများ ဖြန့်ဖြူးပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၃ ရက်အထိ ရွှေသွယ်ရင်စပါးမျိုးနှင့် ရက် ၉၀ စပါးမျိုး ၃၉၇၀ တင်းနှင့် GWI စပါးမျိုး ၈၄၅၅ ဧကအတွက် ၅၉၁၈၅ ကီလို ဖြန့်ဖြူးထား။**

# မဟာချိုင်ရဲတို့ ဖမ်းဆီးထားသည့် မြန်မာအလုပ်သမား ပြန်လည်လွတ်မြောက်

**မဟာချိုင် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံ စမွတ်ဆာခွန်ခရိုင် မဟာချိုင်မြို့မရဲစခန်း၌ အထောက်အထားအပြည့်စုံရှိလျက်နှင့် ဖမ်းဆီးငွေတောင်းခံနေရသည့် မြန်မာအလုပ်သမားကို ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့မှ ကယ်ထုတ်နိုင်ခဲ့ကြောင်း စက်တင်ဘာ ၆ ရက်က သိရသည်။

စက်တင်ဘာ ၅ ရက်က ဗန်ကောက်မြို့မှ အလုပ်ကိစ္စဖြင့် မဟာချိုင်မြို့သို့ ရောက်ရှိလာသူ ကိုအောင်ဆန်းလင်းမှာ သလာဒ်ကုန့်မှတ်တိုင်တွင် ယာဉ်စီးရန်စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးထိုင်းရဲတပ်ဖွဲ့ဝင်နှစ်ဦးက ကိုအောင်ဆန်းလင်း၏ အလုပ်သမားကတ်မှာ နယ်မြေမတူဟုဆိုကာ မဟာချိုင်ဈေးရှိ ရဲစခန်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပြီး ကိုအောင်ဆန်းလင်းအား ဘတ်ငွေ ၆၀၀၀ ပေးမှ ပြန်လွှတ်ပေးမည်ဟုပြောဆိုကာ နေ့တစ်ဝက်မျှ လက်ထိပ်ခတ်ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ ရသည်။

မွန်းလွဲ ၁ နာရီတွင် ကိုအောင်ဆန်းလင်းက ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (MAT) သို့ ဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခဲ့ရာ MAT အဖွဲ့က ကူညီဆောင်ရွက်ပေးသဖြင့် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။

"နယ်မြေမတူဘူးဆိုပြီး ဘတ်ငွေ ၆၀၀၀ တောင်းပါတယ်။ အချုပ်ခန်းထဲရောက်ရင်တော့ ဘတ်ငွေ ၈၀၀၀ ပေးမှ ပြန်လွှတ်မယ်ဆိုပြီး ခြိမ်းခြောက်ငွေညှစ်တာပါ။ ကျွန်တော့်လက်ထဲမှာလည်း ဘတ် ၅၀၀ လောက်ပဲ ကျန်တာမို့ အခက်အခဲဖြစ်နေတာနဲ့ MAT အဖွဲ့နဲ့ ဆက်သွယ်ခဲ့လို့ ငွေမကုန်ဘဲ ပြန်လွတ်လာခဲ့ပါပြီ" ဟု ကိုအောင်ဆန်းလင်းက ပြောသည်။ **စိုးဝင်း(SP)**

*စာမျက်နှာ ၁၆ မှ*

ဟန်လင်းကျောက်စာရုံ၌ ရှေးဟောင်းမြန်မာကျောက်စာ ၁၇ ချပ်ကိုလည်း ပြသထားသည်။ ယင်းကျောက်စာအများစုသည် ကျောင်း၊ စေတီ၊ ဘုရား၊ ဥယျာဉ်၊ လယ်မြေ၊ ကျွန်၊ ကျွဲ၊ နွား၊ ပစ္စည်းဥစ္စာ၊ ပိဋကတ်တော်များ လှူဒါန်းသည့် အလှူကမ္ပည်းကျောက်စာများဖြစ်ကြသည်။ ယင်းတို့အနက် မြေပိုင်ဆိုင်မှု အဆုံးအဖြတ်ပေးသည့် စီရင်ချက် အမိန့်တစ်ရပ်ကို ကျောက်စာချပ် အမှတ် (၀၄) တွင် မြန်မာအက္ခရာ စာလုံးများဖြင့် ရေးထွင်းထားသည်ကို မြင်ကြရပေသည်။ နွားနှင့် ကျွန်လဲလှယ်သည့် မှတ်တမ်းကျောက်စာ အမှတ် (၁၈)ကိုလည်း ထူးခြားသောကျောက်စာချပ် တစ်ချပ်အဖြစ်တွေ့ခဲ့ကြရသည်။

ကျောက်စာချပ်များကို အကောင်းအတိုင်းတူးဖော်ရရှိသကဲ့သို့ အပိုင်းအစများအဖြစ် ရရှိခြင်းများလည်း ရှိသည်။ အပိုင်းများအဖြစ် ရရှိခဲ့သော ကျောက်စာများကို ပညာရှင်များက စနစ်တကျဆက်စပ်ပြီး ထိန်းသိမ်းထားသည်။ အချို့ကျောက်စာများသည် ထယ်ထိုး၊ ထွန်ယက်ကြရာမှ ထိခိုက်ပျက်စီးကြရသည်။ ဒေသနေပြည်သူများ၏ သမိုင်းတန်ဖိုးသိနားလည်မှု နည်းပါးသေးသောကြောင့် ကျောက်စာတိုင်များပေါ်တွင် အဝတ်လျှော်ခြင်း၊ ဓားသွေးခြင်းများပြုလုပ်မိကြသဖြင့် စာများပျက်စီးနေသည့် ကျောက်စာတိုင် အချို့ကို ပြတိုက်တွင်မြင်တွေ့ကြရသည်။

ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ဟန်လင်းဒေသတွင် ရှေးဟောင်းသုတေသနပြတိုက်သုံးခုရှိရာ ဟန်လင်းကျောက်စာရုံ၊ ဟန်လင်းရှေးဟောင်းသုတေသနဌာနပြတိုက်နှင့် ဦးနာဂပြတိုက်တို့ ဖြစ်ကြသည်။ ဦးနာဂပြတိုက်မှလွဲ၍ ကျန်ပြတိုက်နှစ်ခုကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ဖွင့်လှစ်ပြသထားခြင်းဖြစ်သည်။

ကျောက်စာရုံမှ ပြန်အထွက်တွင် ကျောက်စာရုံအနီး၌ ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းစေတီများကို တွေ့မြင်ကြရသည်။ ကျွန်တော်တို့ ဟန်လင်းရွာရှိ ရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိခဲ့စဉ် ပြတိုက်ဦးစီးအရာရှိက ကျွန်တော်တို့အဖွဲ့ကို ဟန်လင်းဒေသတွင် နေထိုင်ခဲ့သော ပျူလူမျိုးများ ကွယ်လွန်ချိန်တွင် ကျင့်သုံးခဲ့သည့် မြေမြှုပ်သင်္ဂြိုဟ်မှုဓလေ့များအား မြေပုံကားချပ်များ၊ ဓာတ်ပုံဆလိုက်များဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့သည်။ရှင်းလင်းပွဲအပြီးတွင် ဆွေးနွေးပွဲတစ်ခု ကျင်းပပေးခဲ့ရာ အားလုံးက ဝိုင်းဝန်းဆွေးနွေးမေးမြန်းကြသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိခဲ့ပါသည်။ ကျွန်တော်က "ပျူလူမျိုးများ မြေမြှုပ်သင်္ဂြိုဟ်ရာတွင် မတ်တတ်မြှုပ်နှံခြင်းမျိုးရှိခဲ့ပါလား"ဟု မေးခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ရှေးဟောင်းဒေသ တူးဖော်မှုများတွင် ကွယ်လွန်သူရုပ်အလောင်းကို မတ်တတ်မြှုပ်နှံသည့်ဓလေ့ကို မတွေ့ရသော်လည်း ထိုင်းနိုင်ငံ ရှေးဟောင်းနေရာတစ်ခုတွင် မတ်တတ်ရပ်လျက် မြှုပ်ထားသည့် ရုပ်ကြွင်းတစ်ခုကို မြင်ခဲ့ရကြောင်း ဦးစီးအရာရှိက ရှင်းပြခဲ့ပါသည်။

ဟန်လင်း သင်္ချိုင်းဟောင်းတစ်နေရာတွင် လင်မယားဟု ယူဆရသည့် ရုပ်ကြွင်းနှစ်ခုကို ကျင်းတစ်ကျင်းထဲတွင် အတူမြှုပ်ထားသည်ကို တွေ့ရှိရကြောင်း၊ ယောကျ်ားက ပက်လက်အနေအထားနှင့် မိန်းမက ဘေးစောင်းအနေအထားဖြစ်ကြောင်း၊ တစ်နေရာတွင် လူအရိုးစုဘေး၌ မြွေအရိုးစုတစ်ခုကိုတွေ့ရကြောင်း၊ ထိုသူကိုကိုက်ခဲ့သည့် မြွေကိုသတ်ပြီး သေဆုံးသူနှင့် အတူ မြှုပ်နှံခဲ့သည်ဟု ယူဆမှုများရှိကြောင်း၊အရိုးစုတစ်ခုကို ကျား/မ ခွဲခြားရာတွင် တင်ပါးဆုံကွင်းကို ကြည့်ပြီးခွဲခြားနိုင်ကြောင်း၊ အမျိုးသမီး၏ တင်ပါးဆုံကွင်းသည် ကိုယ်ဝန်ဆောင်နိုင်ရန်အတွက် အမျိုးသားများ၏ တင်ပါးဆုံကွင်းထက် ပိုမိုကျယ်ဝန်းကြောင်း ရှင်းပြခဲ့သည်။ ထိုသင်္ချိုင်းဟောင်းနေရာများသို့ ကျွန်တော်တို့ကိုယ်တိုင် သွားရောက်ကြည့်ရှုခဲ့ကြသည်။

ဟန်လင်းရှေးဟောင်းသုတေသန ပြတိုက်အသစ်ကို ၂၀၁၂ ခုနှစ်ခန့်က ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင် ဟန်လင်းဒေသမှ တူးဖော်ရရှိထားသည့် ပျူခေတ်လက်ရာ ရွှေ၊ ငွေ၊ ကြေးလက်ဝတ်တန်ဆာများ၊ ပျူပုတီးစေ့များ ၊ ပျူဒင်္ဂါးများ၊ အိုးခြမ်းကွဲများ၊ ကျောက်လက်နက်များ၊ ကျောက်ဖြစ်ရုပ်ကြွင်းများကို ဓာတ်ပုံ၊ ကားချပ်၊ မြေပုံများဖြင့် ဝေဝေဆာဆာပြသထားသည်။ သုတေသီများ အထောက်အထားပြုနိုင်သည့် စာရင်းဇယားများကိုလည်း မြင်တွေ့ကြရပေသည်။

ကျွန်တော်တို့အဖွဲ့ ဟန်လင်းသို့ရောက်ရှိခဲ့စဉ်က ပျူမြို့ဟောင်းများဖြစ်ကြသည့် ဟန်လင်း၊ သရေခေတ္တရာနှင့် ဗိဿနိုးတို့ကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်အဖြစ် မသတ်မှတ်ရသေးသဖြင့် ပျူမြို့ဟောင်း သုံးမြို့ကို ရှေးဟောင်းအမွေအနှစ် ဒေသအဖြစ် သတ်မှတ်နိုင်ရန် ယူနက်စ်ကိုမှ တာဝန်ရှိပုဂ္ဂိုလ်များ ဟန်လင်းသို့ လာရောက်စစ်ဆေး အကဲဖြတ်မှုများ ပြုလုပ်ခဲ့သည့် ဓာတ်ပုံများကိုလည်း ပြသထားသည်။

ကျွန်တော်တို့အဖွဲ့သည် ဟန်လင်းမြို့ဟောင်းခရီးစဉ်အတွင်း ဟန်လင်းရွာ ထန်းကိုးပင်ကျောင်းတိုက်ရှိ ဆရာတော် ဦးနာဂ၏ ပျူယဉ်ကျေးမှု ပြတိုက်သို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

ဦးနာဂရှေးဟောင်းပြတိုက်ကို "ဆရာတော်ဦးနာဂ အထိမ်းအမှတ် ဟန်လင်းပျူယဉ်ကျေးမှုပြတိုက်"ဟု အမည်ပေးထားသည်။ ထန်းကိုးပင်ကျောင်းတိုက်တွင် လက်ရှိ သီတင်းသုံးနေသောဆရာတော် ဦးတေဇနိယ က ပြတိုက်ကိုထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။

ဟန်လင်းရွာတွင် သီတင်းသုံးခဲ့ပြီး ပျံလွန်တော်မူသွားပြီဖြစ်သော ဆရာတော်ဦးနာဂသည် ဟန်လင်းဒေသမှရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများကို စုဆောင်းသိမ်းဆည်းထားခဲ့သည်။အိုးခြမ်းကွဲများမှသည် လူဦးခေါင်းခွံများအထိ တွေ့ရှိရသမျှ ပျူယဉ်ကျေးမှုဆိုင်ရာပစ္စည်းများကို စုစည်းထားခဲ့သဖြင့် သမိုင်းတန်ဖိုး၊ ရှေးဟောင်းသုတေသနတန်ဖိုး ကြီးမားလှသည်။ နောက်ပိုင်းတွင် ဆရာတော်သည် မိမိကျောင်းတိုက်ဝင်းအတွင်း၌ ပြတိုက်တစ်ခုဖွင့်လှစ်ကာ လာရောက်လေ့လာသူများကို ပြသပေးလျက်ရှိသည်။ ယင်းပြတိုက်ကို ဆရာတော်ဦးနာဂပြတိုက် ဟု လူသိများသည်။

ဦးနာဂ ပြတိုက်တွင် ရှေးဟောင်းပျူပစ္စည်းများကို အမျိုးအစားစုံလင်စွာပြသထားရာ ကျောက်ကွင်း(Stone Ring) များသည် အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ကျောက်ပြားချပ်ကိုအလယ်မှ လူတစ်ယောက် လက်ဖြင့်စွပ်နိုင်ရန် အပေါက်ဖောက်ထားပြီး ချောမွတ်နေအောင် သွေးထားသည်။ အများအားဖြင့် အဝိုင်းပုံစံရှိသည်။ အဆိုပါကျောက်ကွင်းများကို ပျူခေတ်က အုပ်စိုးသူအာဏာပိုင်များ ကွယ်လွန်ချိန်တွင် ယင်းတို့နှင့်အတူ မြှုပ်နှံသည့် ဓလေ့ရှိခဲ့ကြောင်း သိရှိရသည်။ ကျောက်ကွင်းများသည် အရွယ်အစားမျိုးစုံရှိကြပြီး အချို့သောကျောက်ကွင်းများသည် ယင်းတို့၏ အလေးချိန်ကြောင့် လူတစ်ယောက် အမြဲတစေ ဝတ်ဆင်ထားရန် မဖြစ်နိုင်သည်ကို တွေ့ကြရသည်။

ဦးနာဂပြတိုက်အတွင်းမှ ကျောက်ကွင်းတစ်ခုအား ကျွန်တော့်အနီးတွင် ရပ်နေသော ဒီပလိုမာသင်တန်းသူ မဖြိုးပပထွန်းကို ဝတ်ကြည့်စေပါသည်။ မိန်းကလေးတစ်ယောက်၏ လက်နှင့်အနေတော်ဖြစ်ပြီး အလေးချိန်အသင့်အတင့်ရှိသည်။ ကျောက်ကွင်းသည် စက်ဖြင့်သွေးထားသည့်အလားချောမွတ်နေသည်။ သင်္ချိုင်းဟောင်းတစ်ခုမှ ရုပ်ကြွင်းတစ်ခု၏လည်တိုင်တွင် ကျောက်ကွင်းတစ်ကွင်းစွပ်ထားသည်ကိုလည်းတွေ့ခဲ့ရသည်။ လက်တွင်ကျောက်ကွင်းစွပ်ထားသည့် အရိုးစုတစ်ခုကိုလည်း မြင်ခဲ့ရပေသည်။

ဦးနာဂပြတိုက်မှာပင် ကျောက်ပုတီးစေ့များ၊ ဒင်္ဂါးပြားများ၊ လူဦးခွံများ၊ ကြေးပစ္စည်းများ၊အိုးများ၊ ကျောက်လက်နက်များ၊ သံထည်ပစ္စည်းအတိုအစများစသည်ဖြင့် ပျူတို့၏အသုံးအဆောင်ဟောင်းများစွာကိုပြသထားပေသည်။

ကျွန်တော်တို့အားလုံး မိမိတို့စိတ်ဝင်စားသမျှကို ဓာတ်ပုံရိုက်ကြ၊ တိုင်းထွာကြ၊ ပုံတူကူးကြဖြင့် များစွာလေ့လာနိုင်ခဲ့ကြသည်။ ဦးနာဂပြတိုက်အတွင်းမှာပင် မိမိတို့နှစ်သက်ရာပစ္စည်းတစ်ခုစီကို သင်တန်းသားတစ်ယောက်စီက လက်တွေ့တိုင်းထွာပြီး ပုံများရေးဆွဲကြသည်။ အိုးများ၊ ဒင်္ဂါးများ၊ ကျောက်ကွင်းများ၊ ကျောက်လက်နက်များ၊ ခေါင်းလောင်းများ စသည်ဖြင့် အမျိုးအစားအစုံအလင် ရေးဆွဲကြသည်။ ဒုတိယဦးစီးမှူး ဦးအောင်မင်းက ရှေးဟောင်းပစ္စည်းပုံတူရေးကူးသည့် နည်းစနစ်များကို အသေးစိတ်လက်တွေ့ ရှင်းလင်းသင်ကြားပေးခဲ့သည်။

ပျူမြို့ဟောင်း ဟန်လင်းသည် အေဒီတစ်ရာစုမှ လေးရာစုအတွင်း ပျူယဉ်ကျေးမှု ထွန်းကားခဲ့ပြီး ထိုစဉ်က ပျူလူမျိုးများ သုံးစွဲခဲ့ကြသည့် အသုံးအဆောင်ပစ္စည်းများ၊ အဆင်တန်ဆာများ၊ ကျောက်သံကြေးလက်နက်များကို ဟန်လင်းရှိ ပြတိုက်သုံးခုတွင် လေ့လာနိုင်ကြပေသည်။ ယခုအခါတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသ တစ်ခုဖြစ်သည့် ဟန်လင်းသို့ ပြည်တွင်းပြည်ပ ခရီးသည်များ သွားရောက်လည်ပတ်လျက်ရှိကြရာ ဟန်လင်းရှိပြတိုက်များသည် ပျူလူမျိုးများ၏ အတိတ်သမိုင်းပုံရိပ်များကို ဖော်ညွှန်းပြသလျက် ရှိနေပေသည်။

# ရပ်ရွာအခြေပြု ကြက်ခြေနီတပ်ဖွဲ့တာဝန်များ အောင်မြေသာစံမြို့နယ်၌ ပေးအပ်

**မန္တလေး စက်တင်ဘာ ၇**

မန္တလေး အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းနှင့် ကြက်ခြေနီအသင်း၏ တာဝန်များပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက အမှတ် (၃၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က သင်တန်းဆုများနှင့် အလှူငွေများကို ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က အသင်းတိုးချဲ့ဖွဲ့စည်းထားသော တပ်စုများထံသို့ ဆေးသေတ္တာများပေးအပ်ပြီး မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် ဦးဝင်းအောင်က သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ လူမှုရေးဝန်ကြီးက ကြက်ခြေနီတပ်ဖွဲ့ဝတ်စုံချုပ်ရန်အတွက် ငွေကျပ် ငါးသိန်းကို ဒေါနဘွားရပ်ကွက်သို့ ပေးအပ်ထောက်ပံ့ခဲ့သည်။

ရပ်ရွာအခြေပြုလူထုဖွံ့ဖြိုးရေးအဖွဲ့က ထောက်ပံ့ပေးအပ်သည့် ကြက်ခြေနီဝတ်စုံများကိုလည်း ကြက်ခြေနီတပ်ဖွဲ့ဝင်များထံသို့ ပြန်လည် ပေးအပ်ခဲ့ကြောင်း သိရသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် သင်တန်းသား သင်တန်းသူ ၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

# ချင်းတွင်းမြစ်ရေ ဒုတိယအကြိမ်မြင့်တက်လာမှုကြောင့် ရေယာဉ်ခရီးစဉ်များ ထပ်မံရပ်နားထား



**မုံရွာ စက်တင်ဘာ ၇**

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေမှတ်သို့ ဒုတိယအကြိမ်မြောက် ရောက်ရှိလျက်ရှိရာ ခရီးသွားပြည်သူများ၏ ရေကြောင်းသွားလာမှုနှင့် ကုန်စည်များပို့ဆောင်မှုများတွင် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် ကုန်တင်ရေယာဉ်များ လူစီးအမြန်ရေယာဉ်များခရီးစဉ်ပြေးဆွဲခြင်းကို မုံရွာမြို့နယ် ပုဂ္ဂလိက ရေယာဉ်များစနစ်တကျပြေးဆွဲရေးကော်မတီက စက်တင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရပ်နားထားခဲ့ကြောင်း သိရသည်။

ချင်းတွင်း အထက်ပိုင်းဒေသများဖြစ်သော ဟုမ္မလင်းမြို့၊ ခန္တီးမြို့နှင့် မော်လိုက်မြို့များတွင် မြို့များအတွင်းသို့ မြစ်ရေများဝင်ရောက်လျက်ရှိသဖြင့် သင်္ဘောများဆိုက်ကပ်ရန် အခက်အခဲများဖြစ်နေသည့်အပြင် မုံရွာမြို့တွင် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မြစ်ရေသည် စိုးရိမ်ရေအမှတ် ၉၆၀ စင်တီမီတာအထက်သို့ ရောက်ရှိလျက်ရှိသဖြင့် ရေယာဉ်များပြေးဆွဲခြင်းကို ခေတ္တပိတ်ထားခြင်းဖြစ်သည်။

"ရေယာဉ်တွေကို ခေတ္တပိတ်တာ ဒုတိယအကြိမ်ပါ၊ ပထမအကြိမ်က ပြီးခဲ့တဲ့လဆန်းပိုင်းက ကိုးရက်လောက် နားလိုက်ရတယ်။ အခုလည်း အထက်ပိုင်းမြို့တွေမှာ ချင်းတွင်းမြစ်ရေက စိုးရိမ်ရေမှတ်ကိုကျော်နေတော့ သင်္ဘောဆိုက်ကပ်ဖို့ အခက်အခဲရှိတာရယ်၊ လမ်းခရီးမှာ အန္တရာယ်မဖြစ်စေရေးအတွက်ရယ်ကြောင့် သုံးရက်နားလိုက်တာပါ၊ အထက်ပိုင်းတွေမှာ ရေပြန်ကျသွားရင်တော့ ပြန်ဖွင့်ပေးသွားမှာပါ၊ အခုနှစ်မှာက ချင်းတွင်းမြစ်ရေက စံချိန်တင်ရေတိုးခဲ့တဲ့အပြင် အခုလည်း နောက်ထပ်တစ်ကြိမ် ရေပြန်တက်လာတာပါ" ဟု မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီဥက္ကဋ္ဌက ပြောသည်။

ချင်းတွင်းမြစ်ကြောင်းတွင် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသများသို့ ကုန်တင်အမြန်ရေယာဉ်နှင့် လူစီးအမြန်ရေယာဉ် စုစုပေါင်း ၅၈၆ စီးသည် နေ့စဉ် အပတ်စဉ်အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ယခုအချိန်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာမှုကြောင့် ခရီးလမ်းတစ်လျှောက်တွင် အန္တရာယ်များ မဖြစ်ပေါ်စေရေးအတွက် ခရီးစဉ်အားလုံးကို ခေတ္တရပ်နားထားခြင်းဖြစ်ရာ ကုန်တင်ရေယာဉ်များမှာ ကုန်ပစ္စည်းများတင်ဆောင်လျက် ရေအကျကို စောင့်နေကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် ဓာတ်အားလိုင်းကို မြို့ရှောင်လမ်းအပြင်သို့ပြောင်းရွှေ့

**ကျွန်းလှ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ရည်ရွယ်၍ မြို့တွင်းရှိ ၃၃ ကေဗွီဓာတ်အားလိုင်း အရှည်လေးမိုင်ကို မြို့ရှောင်လမ်းအပြင်သို့ ပြောင်းရွှေ့ရန် ကွန်ကရစ်တိုင်များ စတင်စိုက်ထူလျက်ရှိကြောင်း သိရသည်။ အဆိုပါ ၃၃ ကေဗွီဓာတ်အားလိုင်းသည် ယခင်က မြို့တွင်း ဗိုလ်ချုပ်လမ်းပေါ်တစ်လျှောက်တွင် ဖြတ်သန်းနေခြင်းဖြစ်ရာ ထိုလမ်းမှာ ကန့်ဘလူမြို့နယ်နှင့် ကောလင်းမြို့နယ်တို့ကိုဆက်သွယ်သော အဓိကကျသည့်လမ်းဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အသွားအလာများ၍ အန္တရာယ်မကင်းသောကြောင့် မြို့ရှောင်လမ်းအပြင်သို့ ပြောင်းလဲတည်ဆောက်ခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဓာတ်အားလိုင်းပြောင်းရွှေ့မှုကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# လူကုန်ကူးမှုတိုက်ဖျက်ရေး ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

**တာလေ စက်တင်ဘာ ၇**

လာမည့်စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် " လူကုန်ကူးမှုတိုက်ဖျက်ဖို့ တာဝန်ကိုယ်စီယူကြစို့ " ခေါင်းစဉ်ဖြင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ ဝေါလ်ဗီွရှင် (မြန်မာ)တာချီလိတ်နှင့် တာလေအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးသန်းစိုးတို့ ပူးပေါင်း၍ စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် ဒိုင်လူကြီးများအဖြစ် တာချီလိတ်မြို့နယ် စာနယ်ဇင်းအသင်းအတွင်းရေးမှူး ဦးစံသိန်း(ဖိုးစံ၊ ဒူးယား)ဦးစီးသည့် အဖွဲ့ဝင်လေးဦးက ကူညီဆောင်ရွက်ပေးခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးအရာရှိ ဦးလှဌေးက ဒိုင်ချုပ်အဖြစ် ဆောင်ရွက်ပေးသည်။

ပြိုင်ပွဲမှ ဆုရကျောင်းသား ကျောင်းသူများအား မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြိုင်ပွဲသို့ တာလေမြို့ရှိ အထက၊ အလက၊ မူလတန်းလွန်နှင့် မူလတန်းကျောင်း ၂၁ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေ ကျပ်သိန်း ၁၈၀ နှင့် ပစ္စည်းများ လှူဒါန်း

**တာချီလိတ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မုန်းလိုက်ကျေးရွာအုပ်စုရှိ မိုင်းဟန်ကျေးရွာ၊ ပန်မကြူကျေးရွာနှင့် ရှေခင်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် နေအိမ်များပြန်လည်ပြုပြင်ရန် အလှူငွေကျပ်သိန်း ၁၈၀ နှင့် စားသောက်ဖွယ်ရာများ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ စက်တင်ဘာ ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဦးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဝင် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးမင်းသိမ်းနှင့် မိုင်းယောင်းမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယတပ်ရင်းမှူး ဦးသန့်ဇင်ဦးတို့က ကျေးရွာများရှိ အမှန်တကယ်ပျက်စီးဆုံးရှုံးပြီး ပြန်လည်ပြုပြင်ရန်လိုအပ်သည့် လူနေအိမ် ၁၈ အိမ်အတွက် တစ်အိမ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ကျပ်သိန်း ၁၈၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့အပြင် ကျပ် ၂၇၅၀၀၀ တန်ဖိုးရှိ ဘိလပ်မြေအိတ် ၅၀ ၊ ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ ၁၀ ပေသွပ် အချပ် ၃၀၊ ကျပ် ၂၁၆၀၀၀၀ တန်ဖိုးရှိ ဆန် ၃၆ အိတ်၊ ခေါက်ဆွဲခြောက်ဖာများ၊ ငါးသေတ္တာများ၊ စောင်များ၊ မီးအိမ်များနှင့် အခြားထောက်ပံ့ပစ္စည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှပေးပို့သည့် ပစ္စည်းကိုးမျိုးပါ ထောက်ပံ့ပစ္စည်းများကိုလည်း ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**




## သတင်းတိုများ

### အရန်သားဖွားလုပ်ငန်းသုံး ဆေးသေတ္တာများပေးအပ်

ကျေးလက်ဒေသများတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုပေးနိုင်ရန်အတွက် ဝက်လက်မြို့နယ် ကျန်းမာရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် UNOPSတို့၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ခဲ့သော အရန်သားဖွားသင်တန်းဆင်းပွဲကို ဩဂုတ် ၃၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ သံဃာ့ဆောင်၌ ကျင်းပခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးလွင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေဖြိုးသွယ်တို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်နှင့် အရန်သားဖွားလုပ်ငန်းသုံး ဆေးသေတ္တာ(Kit Box)များကို သင်တန်းသူတစ်ဦးချင်းထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

### တရားလွှတ်တော်ချုပ် အစည်းအဝေးအတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များမှ တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ၏ နဝမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းပွဲကို စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၅ ရက်က ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဒေါ်ချယ်ရီကြည်က ထပ်ဆင့်ရှင်းလင်းမှာကြားကာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အစည်းအဝေး လှိုင်ကော်၌ ကျင်းပ

**လှိုင်ကော် စက်တင်ဘာ ၇**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်မှုအဖြစ် ရွေးကောက်ပွဲဆိုင်ရာ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းအစည်းအဝေးကို လှိုင်ကော်မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ စက်တင်ဘာ ၄ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက လှိုင်ကော်မြို့နယ်တွင် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သည့် ပါတီ ၁၀ ခုရှိကြောင်း၊ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ ဦးရေ ၈၀၀၀၀ ကျော်ရှိပြီး မဲရုံပေါင်း ၈၁ ရုံရှိကြောင်း၊ ၂၀၁၅ ရွေးကောက်ပွဲသည် ၂၀၁၀ ခု ရွေးကောက်ပွဲထက် ပွင့်လင်းမြင်သာမှုရှိရန်၊ လွတ်လပ်ပြီး တရားမျှတမှုရှိသော ရွေးကောက်ပွဲဖြစ်ရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်များနှင့် မြို့နယ်နှင့် ခရိုင်အဆင့် ကော်မရှင်ခွဲအဆင့်ဆင့်တို့သည် ရွေးကောက်ပွဲဆိုင်ရာ လုပ်ဆောင်ချက်များအား ဥပဒေနှင့်အညီ ပွင့်လင်းစွာဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်က ရွေးကောက်ပွဲလုံခြုံရေးနှင့်ပတ်သက်၍ ရပ်ကွက်ကျေးရွာများအတွင်း ထူးခြားဖြစ်စဉ်များ၊ သတင်းအချက်အလက်များဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီတင်ပြရန် လိုအပ်ကြောင်း၊ မဲလက်မှတ် သယ်ယူသည့်ကိစ္စတွင်လည်း မြို့နယ်အတွင်းမှ အဝေးဆုံးမဲရုံ ငါးရုံအတွက် လုံခြုံရေးများ ကြိုတင်ဆောင်ရွက်ထားပြီး အဖျက်အမှောင့်လုပ်ငန်းများ၊ အုပ်ချုပ်ရေးလျော့နည်းမှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် အုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် မဲဆန္ဒရှင်စာရင်းများ၊ မဲစာရင်း၌ မပါဝင်သည့် မဲဆန္ဒရှင်စာရင်းများ၊ မဲစာရင်းတွင်ပါဝင်သော်လည်း အမည်၊ မှတ်ပုံတင်အမှတ် မှားယွင်းသည့် မဲဆန္ဒရှင်စာရင်းများကို ပြင်ဆင်မှုနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့က ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။ **ရဲနောင်(လှိုင်ကော်)**

# ဘိုင်ယန်မြူးနစ်တို့ တန်းစီဇယားကို စိုးမိုးနိုင်မလား

***ယူရိုခြေစစ်ပွဲတွေကြောင့် တစ်ပတ်ရပ်နားထားခဲ့ရတဲ့ ဥရောပလိဂ်ပွဲစဉ်တွေဟာ အနသီတင်းပတ်မှာတော့ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။ ဒီတစ်ပတ်ရဲ့ ဘွန်ဒက်စ်လီဂါ ပွဲစဉ် (၄)မှာတော့ အသင်းကြီးတွေဖြစ်တဲ့ ဘိုင်ယန်မြူးနစ်၊ ဒေါ့မွန်နဲ့လေဗာကူဆင်တို့ အခြေအနေကောင်းတွေနဲ့ကြုံတွေ့နိုင်ပြီး တန်းစီဇယားထိပ်ဆုံးပိုင်းမှာ ရပ်တည်မှုအပြောင်းအလဲတွေ ဖြစ်ပေါ်နိုင်မလားဆိုတာ ရင်ခုန်စွာနဲ့ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။***



**ဘိုင်ယန်မြူးနစ်နှင့် အော့စ်ဘတ်**

သွင်းဂိုးကွာခြားမှုနဲ့ သုံးပွဲကစားပြီးချိန်မှာ တန်းစီဇယား ဒုတိယနေရာမှာ ရပ်တည်နေတဲ့ ဘိုင်ယန်မြူးနစ်တို့ဟာ အခုပွဲအိမ်ကွင်းဖြစ်တာမို့ အော့စ်ဘတ်ကို ဂိုးပြတ်သွင်းပြီး အမှတ်ပြည့်ရယူပါလိမ့်မယ်။ ဘိုင်ယန်မြူးနစ်တို့ဟာ လေဗာကူဆင်ကို သုံးဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူထားတဲ့အတွက် အခုပွဲမှာလည်း နိုင်ပွဲဆက်ဦးမယ့် အနေအထားရှိပါတယ်။ သုံးပွဲကစား ပြီးချိန်မှာ နိုင်ပွဲမရသေးဘဲ သရေတစ်ပွဲသာရ ရှိထားတဲ့ အော့စ်ဘတ်ကို ဒီပွဲမှာ ဘိုင်ယန်မြူးနစ် တိုက်စစ်မှူးတွေ ဂိုးဘယ်လောက်သွင်းမယ်ဆိုတာပဲ ရေတွက်ရမယ့်ပွဲပါ။

**ဟန်နိုဗာနှင့် ဒေါ့မွန်**

ဒေါ့မွန်တို့က သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲတွေ ဆက်တိုက်ယူပြီး ကိုးမှတ်ရယူထားကာ တန်းစီဇယားကို ထိပ်ဆုံးကရပ်တည်နေပါတယ်။ ဒီနှစ် ရာသီအစကတည်းက ခြေစွမ်းကောင်းမွန်နေတဲ့ ဒေါ့မွန်တိုက်စစ်ကလည်း သုံးပွဲကို ၁၁ ဂိုးသွင်းထားသလို ခံစစ်ပိုင်းက သိပ်သည်းကျစ်လျစ်နေပါတယ်။ သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရသေးတဲ့ ဟန်နိုဗာတို့အနေနဲ့ အခုပွဲမှာ ဒေါ့မွန်နဲ့ တိုးတာမို့ အမှတ်ရဖို့ မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါပဲ။

**လေဗာကူဆင်နှင့် ဒမ်စတက်**

လေဗာကူဆင်တို့အတွက် အားထည့်ကစားပြီး အမာခံပွဲထွက် ကစားသမား စုံလင်ရင်တော့ သုံးမှတ်အပြည့်ရဦးမယ့်ပွဲပါပဲ။ လာဇီယိုနဲ့ ပါဒါဘွန်တို့ကို အနိုင်ကစားထားတဲ့ လေဗာကူဆင်ရဲ့ ခြေစွမ်းက ပုံမှန်တော့ရှိနေပါတယ်။ ဒါပေမယ့် လေဗာကူဆင်ရဲ့ တိုက်စစ်ရော ခံစစ်ပါအားရစရာတော့မရှိပါဘူး၊ ရှော်ကေးနဲ့ဟော့ဖန်ဟိန်းအသင်းတွေကို သရေပွဲရအောင်ကစားထားတဲ့ ဒမ်စတက်ရဲ့ ခြေစွမ်းက လျှော့တွက်လို့တော့မရပါဘူး၊ ဒီပွဲမှာ အိမ်ရှင်တို့ အသာစီးရသွားမယ့် အခွင့်အရေးရှိနေပါတယ်။

**ဟာသာဘာလင်နှင့် စတုဂတ်**

ဒီနှစ်သင်းရဲ့နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှတ်တမ်းကို ကြည့်ရင် နှစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဘွန်ဒက်စ်လီဂါမှာတော့ ဟာသာဘာလင်တို့က နိုင်ပွဲရတာများတာမို့ အခုပွဲမှာ စတုဂတ်ပေါ့ဆဆကစားလို့တော့ မရပါဘူး၊ ဟာသာဘာလင်ရဲ့ ဒီနှစ်ဘွန်ဒက်စ်လီဂါပွဲစဉ် သုံးပွဲအနေအထားကိုကြည့်ရင် အော့စ်ဘတ်ကို နိုင်ခဲ့ပေမယ့် ဒေါ့မွန်ကိုရှုံးပြီး ဝါဒါဘရီမင်ကို သရေပွဲ ဖြစ်ထားပါတယ်။ ရှုံးပွဲတွေ ဆက်နေတဲ့ စတုဂတ်တို့အတွက် အခုပွဲမှာ ဟာသာဘာလင်တို့ကိုပဲ နိုင်ပွဲပေးအပ်ရပါလိမ့်မယ်။

**အင်ဂိုစတက်နှင့်ဝုဖ်ဘတ်**

ဒီနှစ်မှာ တန်းတက်လာတဲ့ အင်ဂိုစတက်တို့က အော့စ်ဘတ်နဲ့ ဂရူသာဖို့တို့ကို အနိုင်ကစားထားတာမို့ ဝုဖ်ဘတ်တို့ ရင်ပူရမယ့်ပွဲပါပဲ။ ဒါပေမယ့် ဝုဖ်ဘတ်တို့က ရှော်ကေးနဲ့ ဖရန့်ဖတ်ကို အနိုင်ကစားထားတဲ့အပြင် ကိုလုံးအသင်းကို သရေပွဲနွှဲထားတာမို့ ဝုဖ်ဘတ်တို့ ခြေစွမ်းက အင်ဂိုစတက်ကို အဝေးကွင်းဆိုပေမယ့် အမှတ်ပြည့်ရယူနိုင်တဲ့ အနေအထားရှိပါတယ်။

**ဖရန့်ဖတ်နှင့် ကိုလုံး**

ဒီနှစ်ရာသီအစမှာ ကိုလုံးခြေမှန်နေပါတယ်။ သုံးပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးတဲ့ ကိုလုံးဟာ အခုပွဲအဝေးကွင်းဖြစ်တာမို့ သေသေချာချာ ကစားရပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာ ကိုလုံးတို့က လေးပွဲနိုင်ထားပါတယ်။ ကိုလုံးတိုက်စစ်မှူးတွေက ဂိုးသွင်းကောင်းမွန်သူတွေဖြစ်သလို ဖရန့်ဖတ်တို့ကလည်း တိုက်စစ်အား မနည်းပါဘူး၊ စတုဂတ်နဲ့ ဟမ်းဘတ်အသင်းတွေကို အနိုင်ကစားထားတဲ့ကိုလုံးတို့ခြေစွမ်းကို အဝေးကွင်းဆိုပေမယ့် ယုံကြည်မှုပေးချင်တာအမှန်ပါပဲ။

**ဂလာဘတ်နှင့် ဟမ်းဘတ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲရလဒ်တွေကို ကြည့်ရင် နှစ်ပွဲစီနိုင်ပြီး တစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ ဂလာဘတ်တို့ပုံမှန်ခြေစွမ်း မရသေးတာမို့ နိုင်ပွဲ၊ သရေပွဲမရသေးပါဘူး၊ ဟမ်းဘတ်တို့ကတော့ ခံစစ်ပိုင်းဆိုးရွားနေတာကို မပြုပြင်ခဲ့ရင်တော့ ဆိုးကျိုးတွေ ထွက်ပေါ်နိုင်ပါတယ်။ ဂလာဘတ်ရဲ့စွမ်းဆောင်မှုဟာ အားရစရာမရှိတာမို့ အခုပွဲမှာ ဟမ်းဘတ်တို့ အမှတ်ပြည့်ရမယ့်ပွဲပါပဲ။

မိုးမြင့်လင်းလက်



## ဂန္ထဝင်တိုက်စစ်မှူးဖြစ်လာမယ့် ရွန်းနေ

မန်ယူတိုက်စစ်မှူး ရွန်းနေဟာ အင်္ဂလန်ဘောလုံးလောကမှာတော့ ဂန္ထဝင်တိုက်စစ်မှူးဖြစ်လာတော့မှာပါ။ သူဟာ အင်္ဂလန်အသင်းအတွက် ဂိုးအများဆုံး သွင်းယူပေးနိုင်တဲ့ တိုက်စစ်မှူးအဖြစ် ဂန္ထဝင်ကစားသမားဖြစ်လာဖို့ ရှိနေပါတယ်။ သူဟာ ယူရို ၂၀၁၆ ခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းနဲ့ ဆမ်မာရီနိုတို့ ကစားခဲ့ပြီး အင်္ဂလန်က ခြောက်ဂိုးပြတ်နဲ့ နိုင်တဲ့ပွဲမှာ အင်္ဂလန်အသင်းအတွက် ၄၉ ဂိုးမြောက်ဂိုးကို သွင်းယူပေးနိုင်ခဲ့ပါပြီ။ ရွန်းနေဟာ အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက် အင်္ဂလန်အသင်းအတွက် အများဆုံးသွင်းယူပေးနိုင်တဲ့ ဆာဘော်ဘီချာလ်တန်ရဲ့ ဂိုးအများဆုံး စံချိန်ဖြစ်တဲ့ ၄၉ ဂိုးကို အမီလိုက်သွင်းပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ အင်္ဂလန်အသင်းခေါင်းဆောင် ရွန်းနေဟာ လာမယ့် အင်္ဂလန်နဲ့ကစားတဲ့ပွဲမှာလည်း ဂိုးသွင်းပေးနိုင်တဲ့ အနေအထားရှိတဲ့အတွက် ဂိုးအများဆုံး စံချိန်သွင်းခဲ့တဲ့ ဂန္ထဝင်တိုက်စစ်မှူးဖြစ်လာဖို့ ရှိနေပါတယ်။ ဆာဘော်ဘီချာလ်တန်ဟာ ၁၉၇၀ ပြည့်နှစ် မေ ၂၀ ရက်က အင်္ဂလန်နဲ့ ကိုလံဘီယာအသင်းတို့ရဲ့ ချစ်ကြည်ရေးကစားတဲ့ပြိုင်ပွဲမှာ ၄၉ ဂိုးမြောက် သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ် ရွန်းနေဟာလည်း ဆမ်မာရီနိုကို အနိုင်ရတဲ့ပွဲမှာ ၄၉ ဂိုးမြောက်အဖြစ် သွင်းယူပေးနိုင်ခဲ့ပြီးဖြစ်နေပါတယ်။ ဒါကြောင့် ရွန်းနေဟာ ဂန္ထဝင်တိုက်စစ်မှူးဖြစ်လာတော့မှာ ဖြစ်ပါတယ်။

## မန်ယူက ဂါးရက်ဘေးလ်ကိုပစ်မှတ်ထားနေဆဲ

မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ ရီးရဲမက်ဒရစ်စတားတွေဖြစ်တဲ့ ဂါးရက်ဘေးလ်နဲ့စီရော်နယ်ဒိုတို့ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေဆဲဖြစ်တယ်လို့ မန်ယူတာဝန်ရှိသူတွေက ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် မန်ယူနဲ့ရီးရဲမက်ဒရစ်တို့ဟာ ဂိုးသမားဒီဂီယာပြောင်းရွှေ့မှု အဆင်မပြေဖြစ်ခဲ့ပြီးတဲ့နောက် အပြန်အလှန် အပြစ်ပြောဆိုနေကြပါတယ်။ ဂါးရက်ဘေးလ်နဲ့ စီရော်နယ်ဒိုတို့ကို မန်ယူက ခေါ်ယူဖို့ပစ်မှတ်ထားနေခဲ့ပါပြီ။ ပြီးခဲ့တဲ့ အပြောင်းအရွှေ့ကာလမှာတော့ နည်းပြဗန်ဟားလ်အနေနဲ့ ရီးရဲမက်ဒရစ်စတားများကို ပစ်မှတ်ထားနေတယ် ဆိုပေမယ့် တရားဝင်ကမ်းလှမ်းမှုတွေ ပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ မန်ယူအနေနဲ့ စီရော်နယ်ဒိုနဲ့ ဂါးရက်ဘေးလ်တို့ကို စံချိန်တင်ပြောင်းရွှေ့ကြေးတွေနဲ့ခေါ်ယူဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

မန်ယူနဲ့ရီးရဲမက်ဒရစ်တို့ဟာ ကစားသမားပြောင်းရွှေ့မှုနဲ့ ပတ်သက်လို့ ပုံမှန် ဆက်ဆံခဲ့တဲ့အသင်းတွေဖြစ်ပါတယ်။ မန်ယူရဲ့ အကောင်းဆုံးကစားသမားတွေ ရီးရဲမက်ဒရစ်ကို ပြောင်းရွှေ့တာရှိသလို ရီးရဲမက်ဒရစ်ရဲ့ အဓိကကစားသမားတွေကိုလည်း မန်ယူက ခေါ်ယူလေ့ရှိပါတယ်။ မန်ယူအနေနဲ့ ဂါးရက်ဘေးလ်ကို ခေါ်ယူဖို့ ကြိုးစားနေသလို စီရော်နယ်ဒိုကိုလည်း ခေါ်ယူဖို့ဆန္ဒတွေရှိနေတယ်လို့လည်း ဆိုပါတယ်။

## ချန်ပီယံခြေစွမ်းကိုပြသလိုက်တဲ့ ချီလီ

ချီလီအသင်းဟာ လက်ရှိ ကိုပါအမေရိကရဲ့ ချန်ပီယံဖြစ်ပါတယ်။ ချီလီအသင်းဟာ ပါရာဂွေးနဲ့ကစားခဲ့တဲ့ ခြေစစ်ပွဲမှာ သုံးဂိုး-နှစ်ဂိုးနဲ့အနိုင်ရရှိခဲ့ပါတယ်။ ဒီပွဲမှာ အာဆင်နယ်အသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဆန်ချက်ဇ်က ချီလီအသင်းအတွက် နောက်ကျဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ချီလီအသင်းဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ချန်ပီယံဖြစ်ခဲ့ပြီးတဲ့နောက် လက်တင်အမေရိကမှာ ခြေစွမ်းပြကစားလာတဲ့အသင်းဖြစ်ပါတယ်။

ချီလီအသင်းဟာ ဒေသတွင်းပြိုင်ပွဲတွေဖြစ်တဲ့ အာဂျင်တီးနား၊ ဥရုဂွေး၊ ဘရာဇီးတို့ကိုပင် ကျော်ဖြတ်ကာ ခြေစွမ်းပြကစားနေတဲ့အသင်းဖြစ်ပါတယ်။ ယခု ပါရာဂွေးနဲ့ပွဲမှာလည်း တစ်ဖက်နှစ်ဂိုးစီသရေပွဲနဲ့အဆုံးသတ်ဖို့ သေချာနေရာမှာ အာဆင်နယ်အသင်းရဲ့ အဓိကတိုက်စစ်မှူးဖြစ်တဲ့ ဆန်ချက်ဇ်က အနိုင်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဆန်ချက်ဇ်ဟာ အာဆင်နယ်အသင်းမှာလည်း အဓိက ခြေစွမ်းပြကစားနေတဲ့တိုက်စစ်မှူးဖြစ်ပါတယ်။ ဆန်ချက်ဇ်ဟာ ပြီးခဲ့တဲ့နှစ်က ပရီမီယာလိဂ်မှာလေးပွဲကစားရာမှာ အားရစရာ အနေအထားမရှိသေးပါဘူး။ သို့ပေမယ့် တိုက်စစ်မှူးဆန်ချက်ဇ်က ချီလီအသင်းအတွက် အနိုင်ဂိုးကိုတော့ ချန်ပီယံစိတ်ဓာတ်အပြည့်နဲ့သွင်းယူသွားနိုင်ခဲ့ပါတယ်။

## အင်္ဂလန်ကျော်ပြီး ဝေလအသင်းတက်လာ

ယခုစက်တင်ဘာလအတွက် ဖီဖာကမ္ဘာ့အဆင့် သတ်မှတ်ချက်ထုတ်ပြန်ရာအာဂျင်တီးနားအသင်းက ထိပ်ဆုံးမှ ရပ်တည်ခဲ့ပါတယ်။ ဝေလအသင်းကတော့ အင်္ဂလန်အသင်းရဲ့ အထက်မှာ ဦးဆောင်ရပ်တည်မှုများ ရှိလာပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၁ ခုနှစ်က ကမ္ဘာ့အဆင့် ၁၁၇ မှာ ရပ်တည်နေခဲ့တဲ့ ဝေလအသင်းဟာ ယခု စာရင်းမှာ အဆင့်နှစ်ဆင့်လျှော့ကျခဲ့ပြီး အင်္ဂလန်အသင်းရဲ့အထက် ကမ္ဘာ့အဆင့် ၉ နေရာမှာရပ်တည်နိုင်ခဲ့ပြီဖြစ်ပါ တယ်။

ဝေလအသင်းရဲ့ ဘောလုံးသမိုင်းမှာ ယင်းကဲ့သို့ အဆင့် ၉ အထိ တက်လာတာဟာ ပထမဆုံးဖြစ်တယ်လို့ ဆိုပါတယ်။ အဆင့် ၁၀စာရင်းမှ ချီလီက အဆင့်နှစ်ဆင့်တက်ပြီး အဆင့် ၈ သို့ တက်နိုင်ခဲ့ပြီဖြစ်ပါတယ်။ အင်္ဂလန်အသင်းမှာ အဆင့် ၁၀ တွင် ရှိနေကြောင်း ဖီဖာက ထုတ်ပြန်ခဲ့ပါတယ်။

ဖီဖာရဲ့ထုတ်ပြန်ချက်အရ ထိပ်ဆုံး ၁၀သင်းမှာ အင်္ဂလန်နဲ့ချီလီတို့သာ အပြောင်းအလဲရှိခဲ့ပြီး ချီလီအသင်းက အဆင့်နှစ်ဆင့်တက်ခဲ့ပါတယ်။ သို့ပေမယ့်အင်္ဂလန်အသင်းက ဝေလအသင်းနောက်ကို ကျဆင်းသွားခဲ့ပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်

# Forever Gems

by ရွှေနန်းတော်

MYANMAR PLAZA

@Myanmar Plaza (HAGL Group)

**6-9-2015**

(တနင်္ဂနွေနေ့)စတင်ဖွင့်လှစ်ပါပြီ

## Grand Opening

သိန်းပေါင်း (1500) ကျော် ချီးမြှင့်ပေးမည့်

Lucky Draw Program

၂၀၁၅စက်တင်ဘာ (6) ရက်နေ့ မှ အောက်တိုဘာ (4) ရက်နေ့အထိ

## Grand Lucky Draw Program

(၁) Toyota Corolla brand new ကား (၁) စီး
(၂) ၁၅ ကျပ်သား ရွှေဆွဲကြိုး (၁)ကုံး
(၃) ၁၀ ကျပ်သား ရွှေဆွဲကြိုး (၁)ကုံး
(၄) ၇ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၅) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၆) 52" LED TV (၂) လုံး
(၇) i phone 6+ (၅) လုံး ချီးမြှင့်ပေးမည်။

အောက်တိုဘာ(၄)ရက်နေ့တွင် ကံထူးရှင် ရွေးချယ်ပေးပါမည်။



5% to 25% off

## ချက်ချင်းပေါက် ချက်ချင်းယူ ဗလာမပါ ကံစမ်းမဲ

(၁) ၅ ကျပ်သား ရွှေဆွဲကြိုး (၁) ကုံး
(၂) ၃ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၁၀) ကုံး
(၅) ၅ မူးသားနှင့် ၄ ပဲသား ရွှေဆွဲကြိုး (၅၀) ကုံး
(၆) ၃ ပဲ၊ ၂ ပဲ နှင့် ၁ ပဲသား ရွှေလက်စွပ် (၃၀၀) ကွင်းနှင့်

4-9-2015 မှ 4-10-2015 နေ့စဉ်ကံထူးရှင်များကို ရွေးချယ်ချီးမြှင့်ပေးပါမည်

စုစုပေါင်း ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ

**6-9-2015 :** နံနက် (၉ : ၃၀) အခမ်းအနား ဖွင့်လှစ်ခြင်း၊
ရန်အောင်၊ နိုင်းနိုင်း၊ ပြေတီဦး၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ အောင်ရဲလင်း၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ သက်မွန်မြင့်၊ ဝတ်မှုန်ရွှေရည်၊ မွေးမွေး၊ ဝိုင်းစုခိုင်သိန်း
**6-9-2015 & 7-9-2015 :** နိုင်ငံကျော်အနုပညာရှင်များမှ အမှတ်တရဓါတ်ပုံရိုက်ကူးခြင်းနှင့်လက်မှတ်ရေးထိုးခြင်း



*Rဇာနည်၊ ဘန်နီဖြိုး၊ ဝေလ၊ ထွန်းအိန္ဒြာဗို၊ ဖြူဖြူကျော်သိန်း၊ ချမ်းချမ်း၊ဝိုင်းစုခိုင်သိန်း၊နီနီခင်ဇော် တို့မှဖျော်ဖြေခြင်း *

(G-05A) မြေညီထပ်၊ Myanmar Plaza (HAGL)
Sedona Hotel အနီး၊ (ယခင်စက်မှု (၁) ဝန်ကြီးဌာန)ကမ္ဘာအေးဘုရားလမ်း၊ရန်ကုန်မြို့။

# Special Grand Opening Sales 15%off
## 3D CAD/CAM Designs



# ဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရ ဆရာဝန်(အမျိုးသမီး) ဗိုလ်လောင်းများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို) ဖြစ်ရမည်။

(ခ) ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကြီးရ။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့် ကိုယ်အလေးချိန် ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၃၀ ထက် မကျော်ရ။

(ဃ) **(M.B.B.S)** သို့မဟုတ် **(B.D.S)** ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ ဘွဲ့လက်မှတ်(မူရင်း)အား တင်ပြနိုင်ရမည်။

၂။ သက်ဆိုင်ရာတက္ကသိုလ်မှ **(Grading Certificate)** အမှတ်စာရင်းပါရှိရမည်။

၃။ မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

၄။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ (မူရင်း)နှင့် ပတ်စပို့အရွယ်ဓာတ်ပုံ ၃ ပုံ ပူးတွဲတင်ပြရမည်။

၆။ တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၇။ လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမ ကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်။

၈။ လျှောက်လွှာကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး၊ အောက်တိုဘာလ ၂၉ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး (သို့မဟုတ်) သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**သို့ ပေးပို့ကြရမည်။

၉။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တစ်ဆင့် အချိန်မီ ပေးပို့သွားမည်။

၁၀။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန် ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သော စက်ဆီချောဆီ (၇)မျိုးနှင့် စက်အရန်ပစ္စည်း ၂၂မျိုး တို့အား ဝယ်ယူလိုပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၂၉-၉-၂၀၁၅ရက် ၁၅း၃၀နာရီဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ ရုံးအမှတ် (၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါလာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိလိုပါက စုံစမ်းရန်ဖုန်း-၀၆၇-၄၀၈၃၆၀၊ ၄၀၈၃၆၃)**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

## ရေကြောင်းရဲတပ်ဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် လိုအပ်သော ရုံးသုံးစာရေးကိရိယာများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်းနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၉-၉-၂၀၁၅ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၅-၉-၂၀၁၅ရက်
၄။ **ကုမ္ပဏီ၏အချက်အလက်ပုံစံတင်ပြရန် နောက်ဆုံးရက်** - ၁၆-၉-၂၀၁၅ရက်၊ ၁၆း၀၀နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၉-၂၀၁၅ရက်၁၀း၀၀ နာရီ
၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)၊ ရုံးအမှတ် (၃၈)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိလိုပါက ဖုန်း-၀၆၇-၄၁၁၅၇၄၊ ၀၉-၅၀၈၅၅၉၇၊ ၀၉-၄၂၂၄၄၆၀၂၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့၊ ရေကြောင်းရဲတပ်ဖွဲ့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ မန္တလေးကွန်ပျူတာတက္ကသိုလ်အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

| စဉ် ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| ၁။ Networking Lab နှင့် Hardware Lab ပစ္စည်းများ | (၇)မျိုး |

၂။ အိတ်ဖွင့်တင်ဒါများပုံစံများကို ၁၀-၉-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၃-၉-၂၀၁၅ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါများပုံစံတွင် စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မန္တလေး ကွန်ပျူတာတက္ကသိုလ် ဖုန်း-၀၉-၆၅၀၂၁၁၅ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
## အမှတ် (၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၆/၂၀၁၅-၂၀၁၆)
## အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

